ကြေးမုံ
The Mirror
၁၃၇၀ ပြည့်နှစ်၊ တော်သလင်းလဆန်း ၆ ရက်၊ သောကြာနေ့၊ (5-9-2008) (၅၇၉၂)

ဗြဟ္မစရိယဉ္စ တော် မင်္ဂလ မုတ္တမံ

မြတ်သောအကျင့်ကို ကျင့်ခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုး ၂၀၀၇-၂၀၀၈ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် စစ်ကိုင်းတိုင်း မုံရွာခရိုင် ယင်းမာပင်မြို့နယ်ရှိ ကျောင်းသား၊ ကျောင်းသူများအား ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မုံရွာခရိုင် ယင်းမာပင်မြို့နယ်ရှိ ကျောင်းသား၊ ကျောင်းသူများအား ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနား ကျင်းပ

နေပြည်တော် စက်တင်ဘာ ၄

၂၀၀၇-၂၀၀၈ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် စစ်ကိုင်းတိုင်း မုံရွာခရိုင် ယင်းမာပင်မြို့နယ်ရှိ ကျောင်းသား၊ ကျောင်းသူများအား ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို စက်တင်ဘာ ၂ ရက် နံနက် ၉ နာရီတွင် ယင်းမာပင်မြို့နယ် အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ကျင်းပရာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုးနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတို့ တက်ရောက်၍ အမှာစကားပြောကြားကြပြီး ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ယင်းအခမ်းအနားသို့ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ ကျောင်းအုပ်ကြီးများနှင့် ဆရာ၊ ဆရာမများ၊ ထူးချွန်ဆုရ ကျောင်းသား၊ ကျောင်းသူများနှင့် ၎င်းတို့၏ မိဘများ၊ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ❍

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့် အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ရေဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့မှ ငါး၊ ပုစွန်များ ဗဟိုစံပြငါးဈေးကြီးအတွင်း လှိုင်လှိုင်ဝင်

ဈေးကွက်သတင်း-တင်ဝင်းလေး(ကြည့်မြင်တိုင်)၊ ဓာတ်ပုံ-သက်ထက်ကို(ဘော်ဂါမြေ)

ရန်ကုန် စက်တင်ဘာ ၄

မြန်မာနိုင်ငံသည် အင်း၊အိုင်၊မြစ်ချောင်း ပေါများခြင်း၊ ပင်လယ်ပြင်နှင့် တစ်ဆက်တစ်စပ်တည်း တည်ရှိနေခြင်းတို့အပြင် မွေးမြူရေးကန်များ ဖြစ်ထွန်းခြင်းတို့ကြောင့် ငါး၊ ပုစွန် ဖမ်းဆီးရရှိမှုမှာ စားသုံးမှုပမာဏထက်ပင် ပိုမိုလျက်ရှိနေသည်။ ထို့ကြောင့်လည်း ဈေးနှုန်းမှာ အများအားဖြင့် တည်ငြိမ်လျက်ရှိနေကြောင်း လေ့လာတွေ့ရှိရသည်။

လက်ရှိဖြစ်ပေါ်နေသော ငါး၊ ပုစွန်ဈေးတို့အား သိလိုသဖြင့် ကြည့်မြင်တိုင်မြို့နယ်အတွင်းရှိ ဗဟိုစံပြငါးဈေးကြီးအတွင်းသို့ နံနက်စောစော

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖

စက်မှုလုပ်ငန်းများမှ စွန့်ပစ် ဓာတုအညစ်အကြေးများ ဝင်ရိုးစွန်းငှက်များကို အန္တရာယ်ပေးနိုင်

အော့စလို စက်တင်ဘာ ၄

အာတိတ်ဒေသမှ စင်ရော်ငှက်ငယ်တစ်မျိုးတွင် တားမြစ်ထားသော စက်မှုလုပ်ငန်းများမှ စွန့်ပစ်ပစ္စည်း၏ အညစ်အကြေးဓာတ်များ စံချိန်တင်လောက်အောင်ပင် ရောက်ရှိနေသည်ကို တွေ့ရှိရကြောင်း သိပ္ပံပညာရှင်များက ကြာသပတေးနေ့တွင် ပြောကြားလိုက်သည်။

ဆိုက်ဘေးရီးယားမှ ကနေဒါနိုင်ငံအထိ အရေအတွက် ၁၄၀၀၀ ခန့်ရှိသော ဆင်စွယ်စင်ရော်ငှက်မျိုး၏ ဥများတွင် သုတ်ဆေးများ၊ ပလတ်စတစ်များ ထုတ်လုပ်ရာတွင် သုံးစွဲသော ပီစီဘီဓာတ်များနှင့် ပိုးသတ်ဆေး ဒီဒီတီဓာတ်များ အများဆုံး ဝင်ရောက်နေသည်ကို တွေ့ရသည်။

သဘာဝပတ်ဝန်းကျင်နှင့်ဆိုင်သော အဆိပ်များသည် ဆင်စွယ်စင်ရော်ကို အန္တရာယ်ပေးရန် ခြိမ်းခြောက်လျက်ရှိသည်ဟု နော်ဝေနိုင်ငံဝင်ရိုးစွန်းဒေသဆိုင်ရာသိပ္ပံဌာနမှ ကြေညာချက်တွင် ဖော်ပြထားသည်။

နော်ဝေမြောက်ပိုင်းနှင့် ရုရှားပင်လယ်ကမ်းခြေမှ

စာမျက်နှာ ၉ ကော်လံ ၃ သို့ ▲

ပင်လယ်ငါးများ

မြန်မာမန်း ကုမ္ပဏီဒိုင်ကြီးအတွင်း ပင်လယ်ငါးများကိုလည်း ပုံးကြီးပုံးငယ်ဖြင့် တွေ့ရစဉ်။

ကြေးမုံ The Mirror
၅-၉-၂၀၀၈ (သောကြာနေ့)

နိုင်ငံသူ၊ နိုင်ငံသားတိုင်း စာတတ်မြောက်ရေး ဝိုင်းဝန်းဖော်ဆောင်

မျက်မှောက်ကမ္ဘာတွင် သိပ္ပံနှင့်နည်းပညာများ အံ့မခန်း တိုးတက်မြင့်မားလာမှုနှင့်အတူ ကမ္ဘာ့နိုင်ငံအသီးသီးက စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူနေမှုအဆင့်အတန်း မြင့်မားရေးတို့အတွက် ကြိုးပမ်းအားထုတ်နေကြသည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် လူတိုင်းစာတတ်မြောက်ရေးသည် အခြေခံလိုအပ်ချက်တစ်ခုအဖြစ် တွေ့ရသည်။

နိုင်ငံများစွာတွင် ထူးခြားသော ပြောင်းလဲတိုးတက်မှုများ ရှိစေကာမူ ကမ္ဘာပေါ်ရှိ အရွယ်ရောက်ပြီးသူ လူဦးရေသန်းပေါင်း ၇၀၀ ကျော်မှာ စာတတ်မြောက်မှု မရှိကြသေးဘဲ ကလေးသန်းပေါင်း ၇၀ ကျော်မှာလည်း ကျောင်းနေရန် အခွင့်အလမ်းများ မရရှိကြသေးကြောင်း သိရသည်။

မြန်မာတို့သည် စာပေပညာကို မြတ်နိုးခုံမင်သော အလေ့အထများရှိခဲ့ပြီး မြန်မာစာပေသည်လည်း ခေတ်ကာလအလိုက် ဖြစ်ထွန်းရှင်သန်လျက်ရှိသည်။ နယ်ချဲ့ကိုလိုနီတို့၏ စိုးမိုးမှု၊ စစ်ဘေးစစ်ဒဏ်ခံရမှုများကြောင့် လူထုအတွင်း စာမတတ်သူများရှိခဲ့သော်လည်း နိုင်ငံတစ်ဝန်း စာတတ်မြောက်ရေးလုပ်ငန်းများကို အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်ခဲ့ရာ စာတတ်မြောက်သူများ တိုးတက်လာလျက်ရှိသည်။

မြန်မာနိုင်ငံတွင် **လူတိုင်းအတွက်ပညာရေး** ရည်မှန်းချက်နှင့်အညီ စာတတ်မြောက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြင့် ဖော်ဆောင်လျက်ရှိရာ ကျောင်းနေအရွယ်ကလေးများ ကျောင်းဝင်နှုန်း နှစ်စဉ်တိုးတက်လာလျက်ရှိသည်။ ထို့အပြင် သက်ကြီးစာတတ်မြောက်ရေးနှင့် ကျောင်းပြင်ပ ပညာရေးလုပ်ငန်းများလည်းပါဝင်သည်။ ကျောင်းပြင်ပ ပညာရေးလုပ်ငန်းစဉ်များတွင် လူမှုရေးအသင်းအဖွဲ့များနှင့် စေတနာရှင်များကပါ ဝိုင်းဝန်းကူညီ ပံ့ပိုးပေးလျက်ရှိရာ အခြေခံစာတတ်မြောက်ရေးနှင့် စဉ်ဆက်ပညာရေးများ အောင်မြင်မှုရရှိနေသည်။

မြန်မာနိုင်ငံ၏ သက်ကြီးစာတတ်မြောက်မှုနှုန်းမှာ ၂၀၀၀-၂၀၀၁ ခုနှစ်က ၉၁ ရာခိုင်နှုန်း ရှိခဲ့ရာမှ ၂၀၀၈ ခုနှစ်တွင် သက်ကြီးစာတတ်မြောက်မှုမှာ ၉၄ ဒသမ ၈၃ ရာခိုင်နှုန်းအထိ တိုးတက်မြင့်မားလာပြီဖြစ်သည်။

စာပေမှရရှိလာသောဗဟုသုတသည်စာဖတ်သူ၏ အတွေးအခေါ်ကို နက်ရှိုင်းစေသည်။ မြော်မြင်မှုကို မြင့်မားစေသည်။ အယူအဆကို ဆန်းသစ်ခေတ်မီစေသည်။ ယင်းသို့ စာတတ်ခြင်းနှင့်စာဖတ် ခြင်းတို့မှ အကျိုးဖြစ်ထွန်းမှုများ ပိုမိုရရှိလာစေရေးအတွက် နိုင်ငံသူ၊ နိုင်ငံသားတိုင်း စာတတ်မြောက်ရေး ကြိုးပမ်းမှုလုပ်ငန်းတိုင်းတွင် တာဝန်ရှိသူများနှင့်အတူ ပြည်သူများက အင်တိုက်အားတိုက် ပူးပေါင်းပါဝင် ကြိုးပမ်းဖော်ဆောင်သွားကြရမည် ဖြစ်ပါသည်။ ။

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေး ဆောင်ရွက်မှု ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ ကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၄

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေး ဦးစီးဌာနနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ကျန်းမာရေးဌာနတို့ ပူးပေါင်းစီစဉ်မှုဖြင့် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေး စုပေါင်းဆောင်ရွက်မှုကို စက်တင်ဘာ ၃ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်၌ ကျင်းပရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယမြို့တော်ဝန်ဗိုလ်မှူးကြီး မောင်ပါ သွားရောက်ကြည့်ရှုစစ်ဆေး အားပေးသည်။

ထို့နောက် ဒုတိယမြို့တော်ဝန်သည် လှိုင်သာယာမြို့နယ် (၁၀)ရပ်ကွက်ရှိ နတ်မောက်လမ်း၌ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်နေ ပြည်သူများ စုပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေးလုပ်ငန်းများ၊ ရေကန်များတွင် ABATE ဆေးခတ်ခြင်း၊ ဖုံး ၊ သွန်၊ လဲ၊ စစ် စနစ်ကျင့်သုံးရေးပညာပေး သရုပ်ပြခြင်းနှင့် အသိပညာပေး ဟောပြောနေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

အလားတူ သွေးလွန်တုပ်ကွေးရောဂါကာကွယ်တားဆီးရေး စုပေါင်းဆောင်ရွက်ခြင်းကို ဗိုလ်တထောင်၊ မြောက်ဥက္ကလာ၊ လသာနှင့် မရမ်းကုန်းမြို့နယ်တို့၌ စက်တင်ဘာ ၃ ရက် နံနက်ပိုင်းတွင် တစ်ပြိုင်တည်းပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းအား မလေးရှားနိုင်ငံမှ ဧည့်သည်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၄

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းအား မလေးရှားနိုင်ငံ Texchem Resources BHD မှ Chairman Mr. TAN SRI FUMIHIKO KONISHI ဦးဆောင်သောအဖွဲ့သည် စက်တင်ဘာ ၂ ရက် မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာနဝန်ကြီး၏ဧည့်ခန်းမသို့လာရောက်တွေ့ဆုံကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်းအား မလေးရှားနိုင်ငံ Texchem Resources BHD မှ Chairman Mr. TAN SRI FUMIHIKO KONISHI ဦးဆောင်သောအဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (စက်မှု-၁)

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ကမာရွတ်နှင့် အင်းစိန်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးများသို့ တက်ရောက်ချီးမြှင့်

ရန်ကုန် စက်တင်ဘာ ၄

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ဩဂုတ် ၃၁ ရက် နံနက် ၉ နာရီတွင် ကမာရွတ်မြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း(သပြေခန်းမ)၌ ကျင်းပသည့် ကမာရွတ်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၈)သို့ တက်ရောက်၍ အမှာစကား ပြောကြားပြီး အသင်းအတွက် ငွေကျပ် ၁၀ သိန်းကို မြို့နယ်အသင်း အတွင်းရေးမှူး ဦးမျိုးအောင်ထံ ပေးအပ်သည်။

ဆက်လက်၍ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် မြို့နယ်အသင်းအတွက် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့၊ ရန်ကုန်အနောက်ပိုင်းခရိုင် အုပ်ချုပ်ရေးမှူးရုံးနှင့် ကုမ္ပဏီ၊ လုပ်ငန်းရှင်၊ တာဝန်ရှိသူများက လှူဒါန်းသည့် စုစုပေါင်း အလှူငွေကျပ် ၂၉ သိန်းကို လက်ခံသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် စွမ်းဆောင်ရည် ဆုရရှိကြသော ရပ်ကွက်အသင်း ကိုယ်စားလှယ်များအား ဂုဏ်ပြုလက်ဆောင်များကိုလည်းကောင်း၊ ၂၀၀၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရှင်တစ်ဦး၊ လေးဘာသာ ဂုဏ်ထူးရှင် လေးဦးတို့အား ပညာသင်ထောက်ပံ့ကြေးနှင့် ဆုတံဆိပ်များကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။ ယင်းနောက် ခရိုင်အသင်း အတွင်းရေးမှူး ဦးမျိုးဝင်းက နှစ်ဘာသာဂုဏ်ထူးရရှိသူ နှစ်ဦး၊ တစ်ဘာသာဂုဏ်ထူးရရှိသူ သုံးဦးတို့အား ပညာသင်ထောက်ပံ့ကြေးငွေနှင့် ဆုတံဆိပ်များ ချီးမြှင့်သည်။

ဆက်လက်၍ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် အင်းစိန်မြို့နယ် ဖန်စက်လမ်းရှိ အင်းစိန်မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ကျင်းပသည့် အင်းစိန်မြို့နယ် အသင်းနှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၈)သို့ တက်ရောက် အမှာစကားပြောကြားပြီး မြို့နယ်အသင်းအတွက် ငွေကျပ် ၁၀ သိန်းကို မြို့နယ်အသင်း အတွင်းရေးမှူး ဦးတင့်လွင်ထံ ပေးအပ်သည်။

ထို့နောက် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့၊ ရန်ကုန်မြောက်ပိုင်းခရိုင် အုပ်ချုပ်ရေးမှူးရုံး၊ မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အင်းစိန်မြို့နယ် အုပ်ချုပ်ရေးမှူးရုံးနှင့် ကုမ္ပဏီ၊ လုပ်ငန်းရှင်၊ အလှူရှင်များကမြို့နယ်အသင်းအတွက် ငွေကျပ် တစ်သိန်းစီကို မြို့နယ်အသင်း အတွင်းရေးမှူး ဦးတင့်လွင်ထံ ပေးအပ်သည်။

ဆက်လက်၍ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် နှစ်ဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ တစ်ဘာသာ ဂုဏ်ထူးရှင် ခုနစ်ဦးတို့အား ပညာသင် ထောက်ပံ့ကြေးငွေနှင့် ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်ကမာရွတ်မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွက် အလှူငွေကျပ်၁၀သိန်း ပေးအပ်လှူဒါန်းစဉ်။

(အမှတ်-၂၊ လျှပ်စစ်)

သံတွဲမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ပူးပေါင်း၍အခြေခံစာကြည့်တိုက် ပညာဆင့်ပွားသင်တန်းဖွင့်ပွဲကို ဩဂုတ် ၂၉ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်(ပြန်/ဆက်) ဦးစီးအရာရှိ ဦးညိုအုန်းမြင့်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားစဉ်။

(ခရိုင်ပြန်/ဆက်)

မြန်မာနိုင်ငံပြန်တမ်း

နေပြည်တော် စက်တင်ဘာ ၄

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲ ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

အမည်၊ရာထူး၊ဌာန	ခန့်ထားသည့်ရာထူး၊ဌာန
(က) ဦးသန့်ကျော် ဒုတိယညွှန်ကြားရေးမှူးချုပ် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန နိုင်ငံခြားရေးဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်း များနှင့် စီးပွားရေးဦးစီးဌာန နိုင်ငံခြားရေးဝန်ကြီးဌာန
(ခ) ဦးယုလွင်အောင် ညွှန်ကြားရေးမှူးချုပ် ဗဟိုပြည်တွင်းကုန်တင်ကုန်ချ ကော်မတီရုံး အလုပ်သမားဝန်ကြီးဌာန	ဥက္ကဋ္ဌ လူမှုဖူလုံရေးအဖွဲ့ အလုပ်သမားဝန်ကြီးဌာန

ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း ရဲရွာရေအားလျှပ်စစ်စီမံကိန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၄

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး ဇော်မင်းသည် တာဝန်ရှိသူများလိုက်ပါ၍ စက်တင်ဘာ ၂ ရက်တွင် မန္တလေးမြို့၏ အရှေ့တောင်ဘက် ၃၁ မိုင် အကွာ ရဲ-ယမန်းရွာအနီးရှိ မြစ်ငယ်မြစ်ပေါ်တွင် အမှတ်(၂)တည်ဆောက်ရေးမှ တည်ဆောက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော "ရဲရွာ" ရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိပြီး လက်ဝဲဘက်ကမ်းရှိ EL-197 ရှုရပ်မှနေ၍ ပင်မတမံ R.C.C(Stage-12) ကွန်ကရစ် လောင်းနေမှုနှင့် ဓာတ်အားပေးစက်ရုံ တည်ဆောက်နေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ဓာတ်အားပေးစက်ရုံတည်ဆောက်ခြင်း လုပ်ငန်းခွင်အတွင်း Lower Bend Penstock ပိုက်လိုင်း Unit(1)နှင့်(2) ကွန်ကရစ်လောင်းပြီးစီးမှုနှင့် Machine Bay Unit (1)နှင့် (2) ကွန်ကရစ်လောင်းပြီးစီးမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ Bottom Outlet Gate Chamber များ ဆောင်ရွက်ပြီးစီးမှု အခြေအနေနှင့် Switch Yard တည်ဆောက်ရန် မြေနေရာရွေးချယ်ထားမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးက စီမံကိန်းရှင်းလင်းဆောင်၌ တာဝန်ရှိသူတို့၏ ရှင်းလင်းတင်ပြချက်များအပေါ် တည်ဆောက်လျက်ရှိသော ရေအားလျှပ်စစ်စီမံကိန်းများ၏ရည်မှန်းချက်နှင့် နှစ်အလိုက် ပြီးစီးရမည့် ကာလများ၊ လုပ်ငန်းအစီအစဉ် လိုအပ်ချက်များ၊ ရဲရွာစီမံကိန်းနှင့်စပ်လျဉ်း၍ လုပ်ငန်းများကို သတ်မှတ်ပေးထားသော အချိန်ကာလအတိုင်း လုပ်ငန်းတစ်ခုချင်း ပြီးစီးသွားအောင် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ကြရေး၊ စံချိန်စံညွှန်းပြည့်မီရေးနှင့် အရည်အသွေး ကြပ်မတ်စစ်ဆေးရေး၊ လုပ်ငန်းခွင်သုံးပစ္စည်းများ အလေအလွင့် နည်းပါးရေးနှင့် ခြိုးခြံချွေတာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးတို့ကို အသေးစိတ် မှာကြားသည်။

အဆိုပါ စီမံကိန်းသည် စက်တပ်ဆင်အင်အား မဂ္ဂါဝပ် ၇၉၀ ရှိပြီး နှစ်စဉ်ပျမ်းမျှလျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၃၅၅၀ သန်း ထုတ်လုပ်ပေးနိုင်မည်ဖြစ်ကြောင်းနှင့် R.C.C တမံတည်ဆောက်မှုမှာ ၉၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ပြီး စီမံကိန်းတစ်ခုလုံးမှာ ၆၄ ဒသမ ၄၃ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

(၁၆) ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားမှု ပိုမိုတိုးတက် ဖြစ်ထွန်းစေရေး။

၃။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အခြေခံသည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး။

၄။ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများကို ဆက်လက်သယ်ပိုး ထိန်းသိမ်းစောင့်ရှောက်မည့် မျိုးဆက်သစ်များ ပေါ်ထွန်းရေး။



အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး ဇော်မင်း ရဲရွာရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

❖ **ရှေ့ဖုံးမှ**

ဝင်ရောက်ခဲ့ရာ ဈေးဝင်းကြီးတစ်ခုလုံး ရောင်းသူဝယ်သူများ၊ ငါးသေတ္တာ၊ ငါးပုံးများ သယ်ယူပို့ဆောင်နေသူများဖြင့် စည်စည်ကားကားရှိနေသည်ကို တွေ့မြင်လိုက်ရသည်။ ရေချိုပုစွန်အကြီး၊အသေးများကလည်း ထောင်ပုံရာပုံ၊ မွေးမြူရေး(ကန်ငါး)ဖြစ်သော ငါးမြစ်ချင်း၊ ငါးကြင်း၊ ငါးတန်များကလည်း မော်တော်ကားများဖြင့်တစ်ဖုံ၊ ကားကြီးကားငယ်ဖြင့်တစ်တန် ဒေသအသီးသီးမှ ဝင်ရောက်လျက်ရှိနေသည်။

ဗဟိုစံပြငါးဈေးကြီးသို့ ဧရာဝတီတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်း၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်တို့မှ နေ့စဉ် ရေချိုငါးပိဿာချိန် တစ်သိန်းငါးသောင်းဝန်းကျင်ဝင်ရောက်လျက်ရှိနေသည်။ ယခုရက်ပိုင်း မြန်မာလဆန်းရက် (ရေထရက်)ဖြစ်၍ အဝင်ပိုများလျက်ရှိသည်။ စက်တင်ဘာ ၂ ရက် တစ်ရက်တည်းပင် ငါးပိဿာချိန် ၁၄၇၇၆၅ ပိဿာ ဝင်ကြောင်း လေ့လာတွေ့ရှိရသည်။

ဘိုကလေးမြို့နယ်မှ ငါးများလည်း ဤသို့ နေ့စဉ်ဝင်လျက်ရှိသည်။

ထို့အပြင် ဗဟိုစံပြငါးဈေးဝင်းကြီး၌ မြန်မာမန်းကုမ္ပဏီ၊ ဦးအာဝါးစံပြရွှေငါးကုမ္ပဏီ၊ ဒေါ်အေးကြိုင် ကုမ္ပဏီနှင့် MMG ငါးကုမ္ပဏီဟူ၍ လေးခုရှိရာ ထိုကုမ္ပဏီများကလည်း သင်္ဘောများဖြင့် နေ့စဉ်နီးပါး ပင်လယ်ငါးများ ဝင်ရောက်လျက်ရှိနေကြောင်း ထပ်မံသိခဲ့ရသည်။

မော်တော်ပေါ်မှ ငါးပုံးများချလျက်ရှိနေသည်ကို မြင်တွေ့လိုက်ရသည့်အတွက် စနည်းနာကြည့်ရာ ဧရာဝတီတိုင်း ဘိုကလေးမြို့နယ်မှ တင်ဆောင်လာသော ငါးများဖြစ်ကြောင်း၊ မြို့နယ်တွင် ငါးဖမ်းလုပ်ငန်းကို ပြန်လည်လုပ်ကိုင်လျက်ရှိကြောင်း၊ သက်ဆိုင်ရာကလည်း ငါးဖမ်းလုပ်သားများအတွက် လှေ၊ ပိုက်များ ပံ့ပိုးပေးထားကြောင်း သိရသည်။

ယခုကဲ့သို့ ရေထရက်တွင် နေ့စဉ် ဘိုကလေးမြို့နယ်မှ မော်တော်နှစ်စီး၊ မော်လမြိုင်ကျွန်းမြို့နယ်မှ မော်တော်နှစ်စီးနှင့် ရေသေရက်တွင် ပုံမှန်တစ်စီးစီ ဝင်ရောက်ကြောင်း ကြားသိခဲ့ရသည်။ သို့သော် ယမန်နှစ် ယခုလို ရာသီတွင် နှစ်ဆဝင်ကြောင်း ထပ်မံသိခဲ့ရပြန်ပါသည်။

ခရမ်းမြို့နယ်မှ တင်ဆောင်လာသော ငါးတန်(ကန်ငါး)များကလည်း လော်လီကားကြီးတစ်စီး အပြည့်အမောက်ပင် ဖြစ်သည်။ မွေးမြူရေးငါးစာဈေးမှာ မုန်တိုင်းအလွန်ကာလ အနည်းငယ်ခန့်က ဈေးကျခဲ့ကြောင်း၊ ယခုဈေးပြန်တက်နေကြောင်း သိခဲ့ရသည်။ သို့သော်လည်း သယ်ယူပို့ဆောင်စရိတ်၊ စက်သုံးဆီအနည်းငယ် ပြန်ကျလာသည့်အတွက် ယခုလို သယ်ယူရောင်းချလာနိုင်ခြင်းဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ မြန်မာမန်းကုမ္ပဏီဒိုင်ကြီးသို့ ဝင်ခဲ့ပြန်ရာ ပင်လယ်ပြင်ရှိ ငါးဖမ်းသင်္ဘောများဆီမှ သယ်ယူလာသည့် ကဲ့သင်္ဘောပေါ်မှ ပင်လယ်ငါးမျိုးစုံ ချထားသည်ကို တွေ့မြင်လိုက်ရသည်။ ပုံးအပြာများ အစီအရီဖြင့် ဝယ်သူကို စောင့်ဆိုင်းနေကြသည်။ တာဝန်ရှိလူငယ်တစ်ဦးနှင့် စကားပြောကြည့်ရာ သုံးရက်-တစ်ရက် ကဲ့သင်္ဘောများဖြင့် သယ်ယူပြီး ပြည်တွင်းစားသုံးမှုနှင့် ပြည်ပသို့ဖြန့်ဖြူးမည့် ကုမ္ပဏီကြီးသို့ လက်ကားဈေးဖြင့် ရောင်းချနေကြောင်း သိရသည်။ ယခုစက်သုံးဆီကို FECဖြင့် လိုသလောက်ဝယ်ယူရရှိနိုင်သည့်အတွက် ငါးဖမ်းသင်္ဘောအတော်များများ ပြန်လည်အသုံးပြုလာနိုင်ကြောင်း၊ ထို့အတွက် လုပ်ငန်းများပြန်လည် အဆင်ပြေလျက်ရှိပါကြောင်း၊ စက်သုံးဆီဈေးလျှော့ကျလာသည်နှင့်အမျှ စွမ်းအားပြည့် အလုပ်လုပ်လာနိုင်ကြကြောင်း ပြောကြားသည်ကို ကြားသိခဲ့ရသည်။

တစ်ဖန် ဈေးများဌာနအောက်ရှိ ဗဟိုစံပြငါးဈေးအုပ်ချုပ်ရေးမှူးရုံးသို့ ရောက်ခဲ့ပြန်ရာ အတွင်းရေးမှူး ဦးစိုးသိန်းက "အခုလို ရေထရက်ကတော့ ငါး၊ ပုစွန် လှိုင်လှိုင်ဝင်တဲ့ရက်ပါပဲဗျာ၊ နောက်တစ်ခုက ကန်တွေလည်း အခုရာသီမှာ ဖော်ကြတော့ ပုစွန်ဆိုတာ ပေါမှပေါပဲဗျာ"ဟု ဝမ်းသာအားရ ကြိုဆိုရင်း နှုတ်ဆက်သည်။ ဆက်လက်ပြောကြားရာတွင် ကန်မွေးမြူရေးသမားတွေ အနေနဲ့ ငါးစာဈေးကြီးလို့ တွက်ခြေမကိုက်တော့ဘူးဟု ထင်ခဲ့ကြောင်း၊ အခုရက်ပိုင်းအတွင်း Export အတွက် ကုမ္ပဏီကြီးများမှ အဝယ်လိုက်ခြင်း၊ စက်သုံးဆီဈေး အနည်းငယ်ကျလာခြင်းကြောင့် ကန်သမားများ အလုပ်ဖြစ်နေကြောင်း၊ ရေထရက် ငါး၊ ပုစွန် အဝင်များသည့်အတွက် ဈေးနှုန်းများလည်း ချိုသာနေကြောင်း ကြားသိခဲ့ရသည်။

ဗဟိုစံပြငါးဈေးကြီး၏ စက်တင်ဘာ ၄ ရက် ငါး၊ ပုစွန်ဈေးနှုန်းများမှာ အရွယ်အစားလိုက်၍ ငါးရံ့ ကျပ် ၂၀၀၀ မှ ၃၅၀၀၊ ငါးခူ ကျပ် ၂၀၀၀ မှ ၄၅၀၀၊ ငါးကျည်း ကျပ် ၂၅၀၀ မှ ၅၀၀၀၊ ငါးကြင်း ကျပ် ၁၈၀၀ မှ ၃၆၀၀၊ ငါးမြစ်ချင်း ကျပ် ၁၃၀၀ မှ ၂၂၀၀၊ ငါးခေါင်းပွ ကျပ် ၁၃၀၀ မှ ၂၄၀၀၊ ငါးသလောက် ကျပ် ၄၀၀၀ မှ ၁၃၀၀၀၊ ကကတစ် ကျပ် ၃၀၀၀ မှ ၅၈၀၀၊ ငါးပုဏ္ဏား ကျပ် ၃၀၀၀ မှ ၅၀၀၀၊ ငါးတန်ကျပ် ၁၂၀၀မှ၂၀၀၀၊ ပုစွန်ကျော့ ကျပ် ၁၃၀၀ မှ ၁၅၀၀၊ ပုစွန်ဖော့ချိတ် ကျပ် ၁၄၀၀မှ ၂၈၀၀၊ ပုစွန်တုပ်ကြီး ကျပ် ၈၀၀၀ မှ ၁၉၅၀၀ ဖြစ်ကြောင်း ဈေးသတင်း ကွင်းဆင်းဖော်ပြလိုက်ရပါသည်။

ပါကစ္စတန်နိုင်ငံ အစ္စလာမ်မာဘတ်မြို့ လေဆိပ်အနီးတွင် လုံခြုံရေးအဖွဲ့ဝင်များ အနံ့ခံခွေးများနှင့်အတူ ကင်းလှည့်စစ်ဆေးနေသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တောင်အာဖရိကနှင့် ဗင်နီဇွဲလားနိုင်ငံတို့ စွမ်းအင်ဆိုင်ရာစာချုပ် လက်မှတ်ထိုးမည်

ဂျိုဟန်နစ္စဘတ် စက်တင်ဘာ ၃

ရေနံကြွယ်ဝသော ဗင်နီဇွဲလားနိုင်ငံသည် စွမ်းအင်ဆိုင်ရာသဘောတူစာချုပ်ကို တောင်အာဖရိကနိုင်ငံနှင့် မကြာမီ လက်မှတ်ရေးထိုးရန် စီစဉ်ထားသည်။ ထိုစာချုပ်ပြီးစီးပါက တောင်အာဖရိကနိုင်ငံ၏ စီးပွားရေးအတွက် စွမ်းအင်ဆိုင်ရာ အရင်းအမြစ်တစ်ခု တိုး၍ရရှိလာမည် ဖြစ်သည်။

ဗင်နီဇွဲလားနိုင်ငံသည် ကမ္ဘာပေါ်တွင် ရေနံသိုက်အကြွယ်ဝဆုံးနိုင်ငံများအနက် တစ်နိုင်ငံဖြစ်သည်။ ထိုနိုင်ငံနှင့် စွမ်းအင်လုပ်ငန်းဆိုင်ရာ စာချုပ်ချုပ်ဆိုနိုင်ခြင်းဖြင့် တောင်အာဖရိကနိုင်ငံအတွက် စွမ်းအင်ဆိုင်ရာ အခွင့်အလမ်း ပိုမိုရရှိလာခြင်းပင်ဖြစ်သည်ဟု ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ဗင်နီဇွဲလားနိုင်ငံသမ္မတ ဟူဂိုချာဗက်ဇ်သည် မကြာမီရက်ပိုင်းတွင် တောင်အာဖရိကနိုင်ငံသို့ ရောက်ရှိလာမည်ဖြစ်သည်။ ၎င်း၏ ပထမဆုံးသော တောင်အာဖရိကခရီးစဉ်တွင် နိုင်ငံရေး၊ စီးပွားရေးနှင့်ကုန်သွယ်ရေးကိစ္စများကို တောင်အာဖရိကနိုင်ငံသမ္မတ သာဘိုအင်ဘီကီနှင့် ဆွေးနွေးမည်ဖြစ်သည်။

အာဖရိက-တောင်အမေရိကနိုင်ငံများ ထိပ်သီးဆွေးနွေးပွဲကို နိုဝင်ဘာလတွင် ဗင်နီဇွဲလားနိုင်ငံ၌ ကျင်းပရေးကိစ္စကိုလည်း ထည့်သွင်းဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

အင်တာနက်။

သင်္ဘောသုံးစင်းလွှတ်မြောက်ရန် ဆိုမာလီပင်လယ်ဓားပြများက ဒေါ်လာရှစ်သန်း တောင်းဆို

နိုင်ရိုဘီ စက်တင်ဘာ ၃

အေဒင်ပင်လယ်ကွေ့တွင် အပိုင်စီးခံရသော မလေးရှား လောင်စာတင်သင်္ဘောနှစ်စင်းနှင့် ဂျပန်ကုန်တင်သင်္ဘောတစ်စင်းအား လွှတ်ပေးရန် အမေရိကန်ဒေါ်လာ ၈ ဒသမ ၂ သန်းဖြင့် ရွေးရမည်ဟု ဆိုမာလီပင်လယ်ဓားပြများက တောင်းဆိုနေကြောင်း ပင်လယ်ရေကြောင်းသွားလာရေးအဖွဲ့က အင်္ဂါနေ့တွင် ပြောကြားသည်။ ကမ္ဘာ့အန္တရာယ်အများဆုံး အာဖရိကဦးချိုဒေသပင်လယ်ရေလမ်းတွင် ယခုနှစ်အတွင်း သင်္ဘောအနည်းဆုံး ၃၀ ကို ဆိုမာလီပင်လယ်ဓားပြများက အပိုင်စီးခဲ့သည်။

မလေးရှားနိုင်ငံပိုင် ဘင်ဂါမီလာကီ-၅ နှင့် ဘင်ဂါမီလာတီဒူရာ သင်္ဘောနှစ်စင်းအား ပြန်လွှတ်ရန် အမေရိကန်ဒေါ်လာ ၄ ဒသမ ၇ သန်းကို ဆိုမာလီဓားပြများက တောင်းဆိုခဲ့သည်။

ထို့အပြင် ဇူလိုင် ၂၀ ရက်က အပိုင်စီးခံရသည့် အမ်ဗွီစတယ်လာမာရစ်သင်္ဘော လွှတ်ပေးရန်အတွက်လည်း အမေရိကန်ဒေါ်လာ ၃ ဒသမ ၅ သန်းကိုပေးရန် ဓားပြများက တောင်းဆိုသည်။

အမ်အင်အေ၊ရိုက်တာ။

နိုင်ငံတကာ သတင်းများ

ကွန်ဂို၌ ထောက်ပံ့ရေးလေယာဉ်ပျက်ကျ ၁၇ ဦး သေဆုံး

ကင်ရှာဆာ စက်တင်ဘာ ၃

ဒီမိုကရက်တစ် ကွန်ဂိုသမ္မတနိုင်ငံတွင် လေယာဉ်အမှုထမ်းနှင့်ခရီးသည် ၁၇ ဦး တင်ဆောင်လာသည့် လူသားချင်းစာနာသော ထောက်ပံ့ရေးလေယာဉ် ပျက်ကျသဖြင့် လေယာဉ်ပေါ်၌ လိုက်ပါလာသူအားလုံးသေဆုံးကြောင်း လေကြောင်း ကုမ္ပဏီက အင်္ဂါနေ့တွင် ပြောကြားသည်။

လေယာဉ်ပေါ်တွင်ပါရှိသည့် ခရီးသည် စာရင်းတွင် ပြင်သစ်၊ အိန္ဒိယ၊ ကနေဒါ၊ ကွန်ဂို၊ တောင်အာဖရိကနှင့် ဗြိတိန်နိုင်ငံတို့မှ နိုင်ငံခြားသား ခြောက်ဦးပါရှိသည်။ ကျန်ခရီးသည် ၁၁ ဦးသည် ဒီမိုကရက်တစ် ကွန်ဂိုသမ္မတနိုင်ငံသားများ ဖြစ်ကြောင်း ခရီးသည်စာရင်းတွင် ဖော်ပြထားသည်။

တွေ့ရှိ

ကွန်ဂိုနိုင်ငံအရှေ့ဘက်နှင့် ရဝမ်ဒါနယ်စပ်ရှိ ဘူကာဘူမြို့ အနောက်မြောက်ဘက် ၁၅ ကီလိုမီတာခန့် အကွာတွင် လေယာဉ်ပျက်ကို တွေ့ရှိခဲ့သည်။ အဲဆာ့ဗ်လေကြောင်းပိုင် ဘီချ်ခရပ်ဖ်လေယာဉ်၏ အပျက်အစီးများကို စက်တင်ဘာ ၂ ရက် စောစောပိုင်းတွင် ကယ်ဆယ်ရေးရဟတ်ယာဉ်များက ရှာဖွေတွေ့ရှိခြင်းဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်စစ်သွေးကြွများ၏ ဗုံးဖောက်ခွဲမည့် အစီအစဉ်ကို အမေရိကန်တပ်ဖွဲ့က ဖယ်ရှား

ဘဂ္ဂဒက် စက်တင်ဘာ ၃

မြေအောက်လိုဏ်ခေါင်း အသုံးပြု၍ အစိုးရအဆောက်အအုံများကို ဗုံးဖောက်ခွဲမည့် အီရတ်စစ်သွေးကြွများ၏ အကြံကို အမေရိကန်တပ်ဖွဲ့ဝင်များက ဖယ်ရှားနိုင်ခဲ့ကြောင်း အမေရိကန်စစ်ဘက်က အင်္ဂါနေ့တွင် ပြောကြားသည်။

အမေရိကန်တပ်ဖွဲ့ဝင်များက မိုဆူးမြို့ရှိ ပေါင်မုန့်ဖိုတစ်ခုကို ရှာဖွေခဲ့ရာ စစ်သွေးကြွများဟု သင်္ကာမကင်းဖြစ်သူနှစ်ဦးကို ထိန်းသိမ်းခဲ့သည်ဟု အမေရိကန်စစ်ဘက်ကထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။

၎င်းတပ်ဖွဲ့ဝင်များက မြေအောက်လိုဏ်ခေါင်းတစ်ခုကိုလည်း တွေ့ရှိခဲ့ပြီး ယင်းလိုဏ်ခေါင်းသည် ဆွန်နီအစ္စလမ္မစ်အယ်လ်ခိုင်ဒါ အကြမ်းဖက်သမားတို့က နင်နီဗီပြည်နယ်ရှိ ပြည်နယ်အစိုးရဌာနချုပ်ကို ဗုံးဖောက်ခွဲမည့် အစီအစဉ်၏ အစိတ်အပိုင်း တစ်ရပ်တွင် ပါဝင်သည်ဟု ကြေညာချက်တွင် ဖော်ပြပါရှိသည်။

လိုဏ်ခေါင်းသည် ပေါင်မုန့်ဖိုအောက်တွင် ဖောက်လုပ်ထားခြင်းဖြစ်သည်ဟု မိုဆူးရဲတပ်ဖွဲ့က ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ဂျပန်ဝန်ကြီးချုပ်ရာထူးအတွက် လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ အတွင်းရေးမှူးချုပ် အသင့်ရှိ

တိုကျို စက်တင်ဘာ ၃

ဂျပန်နိုင်ငံဝန်ကြီးချုပ်ယာဆူအိုဖူကူဒါ၏ နေရာတွင် တာဝန်ထမ်းဆောင်ရန် အာဏာရလစ်ဘရယ် ဒီမိုကရက်တစ်ပါတီ အတွင်းရေးမှူးချုပ် တာရိုအာဆိုက အသင့်ဖြစ်နေပြီဟု ဆိုသည်။

မစ္စတာဖူကူဒါ၏ လုပ်ငန်းကိစ္စကို မိမိ၏အရည်အချင်းဖြင့်ထမ်းရွက်သွားနိုင်မည်ဟု ယုံကြည်ကြောင်း မစ္စတာအာဆိုက ပြောကြားသည်။

အသက် ၆၇ နှစ်ရှိ မစ္စတာအာဆိုသည် မစ္စတာဖူကူဒါနှင့် ပြိုင်ဘက်ဖြစ်ခဲ့ပြီး ၎င်းသည် မကြာသေးမီတစ်လကမှ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ၏ အတွင်းရေးမှူးချုပ်နေရာကို ရရှိလာသူဖြစ်သည်။

ပါတီအတွင်းရေးမှူးချုပ် ရာထူးရရှိခဲ့သည်မှာ ၎င်းအတွက် ပထမဆုံးအကြိမ် မဟုတ်ပေ။ ၂၀၀၇ ခုနှစ် ဩဂုတ်လတွင် ဝန်ကြီးချုပ်ရှင်ဇိုအာဘေးလက်အောက်တွင် ပါတီအတွင်းရေးမှူးချုပ် ရာထူးသို့ နိုင်ငံခြားရေး ဝန်ကြီး အဖြစ်မှ ပြောင်းလဲ တာဝန်ထမ်းဆောင်ခဲ့ရသည်။

မြောက်ကိုရီးယားနှင့် တင်းတင်းမာမာဆက်ဆံရန် သဘောထားရှိသူဖြစ်ပြီး ဂျပန်နိုင်ငံ၏ ထီးနန်းဆက်ခံခွင့်ကို အမျိုးသမီးများအား ခွင့်ပြုသည့် ဥပဒေပြောင်းလဲရေးကိုလည်း ကန့်ကွက်ခဲ့သူဖြစ်ကာ ရှေးရိုးအယူအဆရှိသူအဖြစ် လူသိများသူဖြစ်သည်။

၎င်းသည် ဩဇာတိက္ကမ ပြည့်စုံသူလည်းဖြစ်ပြီး ဂျပန်ကာတွန်းများကိုနှစ်သက်သူလည်းဖြစ်သည်။ ထို့အပြင် နိုင်ငံရေးမျိုးရိုးရှိပြီး အိုလံပစ်လက်ဖြောင့်သေနတ်သမား တစ်ဦးလည်းဖြစ်သည်။

အင်တာနက်။

မက္ကဆီကိုတွင် အကြမ်းဖက်ရာဇဝတ်မှုခင်းများ ဩဂုတ်လအတွင်း မြင့်မားလာ

မက္ကဆီကိုစီးတီး စက်တင်ဘာ ၃

မက္ကဆီကိုနိုင်ငံတွင် စနစ်တကျဖွဲ့စည်းကျူးလွန်သည့် ပြန်ပေးဆွဲမှု၊ လူသတ်မှုစသည်ကဲ့သို့သော ရာဇဝတ်ဖြစ်မှုများကြောင့် လူ ၅၅၀ ခန့် လွန်ခဲ့သည့်နှစ်အတွင်း သေဆုံးခဲ့ရာ ယခုနှစ်တွင် ရာဇဝတ်မှုဖြစ်ပွားမှုနှုန်းထားအမြင့်ဆုံးဖြစ်ကြောင်း မီလန်နီယိုသတင်းစာ၏ ရေးသားချက်အရ သိရှိရသည်။

မက္ကဆီကို နိုင်ငံသူ၊ နိုင်ငံသားတစ်သန်းနီးပါးသည် သတ်ဖြတ်မှုများ၊ ပြန်ပေးဆွဲမှုများနှင့် သေနတ်ဖြင့်ပစ်ခတ်မှုများ ဆိုးဆိုးရွားရွားမြင့်တက်လာမှုအပေါ် မကျေနပ်သဖြင့် ဆန္ဒပြရန် နိုင်ငံတစ်ဝန်းသို့ ချီတက်ခဲ့ကြသည်။ အကြမ်းဖက်ရာဇဝတ်မှုများအား နှိပ်ကွပ်ရန်နှင့် အစိုးရက အရေးယူရန်ကိစ္စကိုလည်း ဆန္ဒပြသူများက တောင်းဆိုခဲ့ကြသည်။

ပြန်ပေးဆွဲခံရ

မကြာသေးမီက အသက် ၁၄နှစ်အရွယ်ရှိကျောင်းသားတစ်ဦး ကျောင်းတက်ရာလမ်းတွင် ပြန်ပေးဆွဲခံရပြီး အသတ်ခံရမှု ဖြစ်ပွားခဲ့ပြီးနောက် ဖော်ပြပါအတိုင်း ဆန္ဒပြမှု ပေါ်ပေါက်လာခြင်းဖြစ်သည်။

၎င်းကလေးသည် ဖာနန်ဒိုမာတီဖြစ်ပြီး မက္ကဆီကိုစီးတီးမြို့ရှိ မော်တော်ယာဉ်တစ်စီး၏ ဝန်စည်စလယ်ထားရှိသည့်နေရာတွင် သေဆုံးနေကြောင်း တွေ့ရှိခဲ့ခြင်းဖြစ်သည်။ ၎င်း၏ဖခင် စီးပွားရေးလုပ်ငန်းရှင်က လူဆိုးများ ခြိမ်းခြောက်တောင်းသည့်ငွေကိုလည်း ပေးခဲ့ရသေးသည်ဟု သိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

မြောက်ပိုင်းကယ်လီဖိုးနီးယား၌ မီးသတ်လေယာဉ်ပျက်ကျ

လော့စ်အိန်ဂျလိစ် စက်တင်ဘာ ၃

ကယ်လီဖိုးနီးယားပြည်နယ်မြောက်ပိုင်း ရီနိုးဒေသတွင် မီးသတ်လေယာဉ် ပျက်ကျမှုဖြစ်ပွားရာ လေယာဉ်အမှုထမ်း သုံးဦးစလုံး သေဆုံးကြောင်း တာဝန်ရှိသူက အင်္ဂါနေ့တွင် ပြောကြားသည်။

အဆိုပါလေယာဉ်သည် ရီနိုး-စတီးဒ်လေဆိပ်မှ ပျံသန်းပြီးနောက် စက်တင်ဘာ ၁ ရက်က ပျက်ကျမှုဖြစ်ပွားကြောင်း လေကြောင်းဌာန တာဝန်ရှိသူက ပြောကြားသည်။

ကယ်လီဖိုးနီးယားပြည်နယ်မြောက်ပိုင်းရှိ တာဟိုးရေအိုင်တောင်ပိုင်း ဟုတ်တောင်ကြားတွင် တောမီးငြိမ်းသတ်ရန် မီးသတ်လေယာဉ်ကို အသုံးပြုခဲ့ကြောင်း ရီနိုးမီးသတ်ဌာနက ပြောကြားသည်။

လေယာဉ်ပျက်ကျမှုဖြစ်ပွားရခြင်း၏ အကြောင်းရင်းကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း တာဝန်ရှိသူက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အပူပိုင်းမုန်တိုင်း ဟန်နာ စတင်ဖြစ်ပေါ်ရာနေရာမှ ရွေ့လျားရာလမ်းကြောင်းကို ဖော်ပြထားသောပုံ။ (ဓာတ်ပုံ-အင်တာနက်)



ရုရှားအား စီးပွားရေးသပိတ်မှောက်ရန် မဆုံးဖြတ်ဘဲ ဥရောပသမဂ္ဂ အစည်းအဝေးပြီးဆုံးသွား

ဘရပ်ဆယ် စက်တင်ဘာ ၃

ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆယ်မြို့တွင် ကျင်းပသော ဥရောပသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများ၏ အထူးထိပ်သီး အစည်းအဝေးသည် စက်တင်ဘာ ၁ ရက်က ပြီးဆုံးသွားပြီဖြစ်သည်။ ထိုအစည်းအဝေးတွင်အဖွဲ့ဝင်၂၇နိုင်ငံက ဂျော်ဂျီယာနိုင်ငံကိစ္စနှင့် ပတ်သက်၍ ရုရှားနိုင်ငံအား အပြစ်တင်ခဲ့ကြပြီး အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကိုအပြည့်အဝအကောင်အထည်ဖော်ပေးရန် တောင်းဆိုခဲ့သည်။

သို့ရာတွင် ယင်းအစည်းအဝေး၌ ရုရှားနိုင်ငံအား စီးပွားရေးသပိတ်မှောက်ရေးကိစ္စကိုမူ ထည့်သွင်းဆုံးဖြတ်ခြင်း မပြုခဲ့ကြကြောင်း သိရသည်။ ဂျော်ဂျီယာပြဿနာကြောင့် ဥရောပနှင့် ရုရှားနိုင်ငံတို့၏ ဆက်ဆံရေးမှာ လမ်းဆုံလမ်းခွတွင် ရောက်ရှိနေပြီဖြစ်ကြောင်းသာ အစည်းအဝေးတက်ရောက်သော နိုင်ငံများက လက်ခံခဲ့ကြသည်။

ရုရှားနိုင်ငံအနေဖြင့် ဥရောပနိုင်ငံများနှင့် ဆက်ဆံရေးကင်းပြီး သီးခြားမနေရန်နှင့် နှစ်ဦးနှစ်ဖက် အကျိုးရှိစေမည့် နယ်ပယ်များတွင် နားလည်မှုရှိရှိဖြင့် ပူးပေါင်းဆောင်ရွက်သွားရန် ဥရောပသမဂ္ဂ ၂၇ နိုင်ငံက တိုက်တွန်းကြောင်း အစည်းအဝေးတွင် ဆုံးဖြတ်ခဲ့ကြသည်။

အမ်အင်အေ၊ဆင်ဟွာ။

စပိန်ရဲတပ်ဖွဲ့က ဘက်စကျူခွဲထွက်ရေး ဂိုဏ်းသားခုနစ်ဦးကို ဖမ်းဆီး

မဒရစ် စက်တင်ဘာ ၃

စပိန်ရဲတပ်ဖွဲ့က အကြမ်းဖက်အုပ်စုဝင် ခုနစ်ဦးအား ဖမ်းဆီးထားပြီး ၎င်းတို့သည် မီးရထားလမ်းများအား ဖျက်ဆီးခြင်း၊ ခွဲထွက်ရေးအုပ်စု တီတီအေကို ထောက်ခံသည့်အနေဖြင့် ဓာတ်ဆီဗုံးများဖြင့် ပစ်ခတ်မှုများ ကျူးလွန်ခြင်းတို့နှင့်ပတ်သက်၍ ရဲက သင်္ကာမကင်း ဖြစ်နေသူများ ဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက အင်္ဂါနေ့တွင် ပြောကြားသည်။

လွတ်လပ်သည့် ဘက်စကျူ အမိမြေ ပေါ်ထွန်းရေးအတွက် တောင်းဆိုနေသည့် တီတီအေအုပ်စုအား ထောက်ခံသည့်အနေဖြင့် လမ်းမပေါ် အကြမ်းဖက် တိုက်ခိုက်မှုများပြုလုပ်မှုဖြင့် တားမြစ်ပိတ်ပင်ခံထားရသည့် လူငယ်အုပ်စုတို့နှင့် ဖော်ပြပါအုပ်စုသည် ဆက်နွယ်မှုရှိနေသည်ဟု ဝန်ကြီးဌာန၏ ကြေညာချက်တွင် ဖော်ပြထားသည်။

ကုန်ခဲ့သောလများအတွင်း အဆိုပါ ဂိုဏ်းသားများသည် အိမ်လုပ်ဗုံးများဖြင့် ရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူပိုင် အဆောက်အအုံများကို ပစ်ခတ် ဖောက်ခွဲခဲ့သည်ဟု ဝန်ကြီးဌာန၏ ကြေညာချက်အရ သိရှိရသည်။

၎င်းဂိုဏ်းသည် အကြမ်းဖက် အီးတီအေအုပ်စုကဲ့သို့ပင် နိုင်ငံရေးသမားများမှ ပြည်သူပိုင် အဆောက်အအုံများအထိ ဖောက်ခွဲတိုက်ခိုက်ရန် ပစ်မှတ်ထားသူများဖြစ်သည်ဟု ဆိုသည်။

အမ်အင်အေ၊ရိုက်တာ။

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင် ကျွေးမွေးရေး အစီအစဉ်အရ ကလေးများအား ဇူလိုင် ၅ရက်က ဆန်ပြုတ်ဝေငှစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကြေးမုံ The Mirror နိုင်ငံတကာ သတင်းများ

အမေရိကန်များအား ဗုံးဖောက်ခွဲတိုက်ခိုက်ရန်ကြံစည်မှုဖြင့် ဂျာမန်သုံးဦး အဖမ်းခံရ

ဘာလင် စက်တင်ဘာ ၃

ဂျာမနီအစိုးရ တရားရေးဌာနက ဂျာမန်အမျိုးသားတစ်ဦးနှင့်လွှန်ခဲ့သည့် ယမန်နှစ် စက်တင်ဘာလအတွင်းက ဖမ်းဆီးထားသည့် တူရကီအမျိုးသား တစ်ဦးတို့ကို တရားဝင်စွဲချက်တင်လိုက်ကြောင်း အင်္ဂါနေ့က ပြောကြားသည်။ ၎င်းတို့သည် အမေရိကန်များ အသုံးပြုလေ့ရှိသော အဆောက်အအုံများကို ဗုံးဖြင့်တိုက်ခိုက်ရန် ကြံစည်မှုဖြင့် စွပ်စွဲခံရခြင်းဖြစ်ကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြသည်။

ထပ်မံ၍ ဖမ်းဆီးထားသည့် ဂျာမန်သုံးဦး၏ အမည်များမှာ ဖရစ်ဂျီ၊ အဒမ်ဝိုင်နှင့် ဒင်နီယယ်အက်စ်တို့ဖြစ်ပြီး ဗုံးခွဲတိုက်ခိုက်မှု ပြုလုပ်မည့်ဆဲဆဲ အဖမ်းခံရခြင်းဖြစ်သည်ဟု တာဝန်ရှိပုဂ္ဂိုလ်များကပြောကြားသည်။

ယင်းကိစ္စနှင့် ပတ်သက်၍ ယခုအချိန်တွင် အသေးစိတ်သတင်းများ ပြောကြားနိုင်ခြင်း မရှိသေးဟု အစိုးရရှေ့နေရုံးမှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

၎င်းတို့က ဒစ္စကို ကပွဲရုံများ၊ အရက်ဆိုင်များနှင့် လေဆိပ်များစသည့် အမေရိကန်တို့ အသွားအလာများသည့်နေရာများသို့ သွားရောက်ထောက်လှမ်းကြသည်ဟု တာဝန်ရှိသူက ပြောကြားသည်။

၎င်းတို့သုံးဦးသည် ဥဇဘက်ကစ္စတန်ဒေသရှိ ဆွန်နီအုပ်စုတို့နှင့် ဆက်နွယ်မှုရှိပြီး ပါကစ္စတန် စစ်သွေးကြွစခန်းများတွင်သင်တန်းတက်ရောက်ခဲ့သူများ ဖြစ်ဖွယ်ရှိသည်ဟု တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

၎င်းတို့သည် ဗုံးပြုလုပ်မည့် ဓာတုဗေဒပစ္စည်းများ လက်ဝယ်ထားရှိသည်ဟု သိရသည်။ ၎င်းတို့ စီစဉ်နေသော ဗုံးမှာ ယမ်းဘီလူး ကီလိုဂရမ် ၅၅၀နှင့်ညီမျှသော ပေါက်ကွဲမှုအားရှိသည့် ဗုံးဖြစ်သည်ဟုဆိုသည်။

အမ်အင်အေ၊ရိုက်တာ။

ဂူစတပ်ဟာရီကိန်းမုန်တိုင်း တိုက်ခတ်မှုကြောင့် လူရှစ်ဦးသေဆုံး

နယူးအော်လင်း စက်တင်ဘာ ၃

ဂူစတပ်ဟာရီကိန်း မုန်တိုင်းသည် ကာရေဘီယံဒေသသို့ ဝင်ရောက်တိုက်ခတ်ခဲ့သဖြင့် ရှစ်ဦး သေဆုံးကြောင်း၊ သို့ရာတွင် ယင်း ဒေသမှာ အပျက်အစီး ကြီးကြီးမားမားမရှိကြောင်း အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ အာဏာပိုင်များက ဟာရီကိန်း မုန်တိုင်းကြောင့် သေဆုံးသူရှစ်ဦးရှိသည်ဟု ပြောကြားသည်။ မုန်တိုင်း တိုက်ခတ်မှုကြောင့် ဒေသခံလူ နှစ်သန်း ၎င်းတို့၏အိုးအိမ်များမှ ဘေးကင်းရာသို့ ထွက်ပြေးခဲ့ကြသည်ဟု ဆိုသည်။

မုန်တိုင်းသည် ပင်လယ်ကွေ့ကမ်းခြေသို့ တစ်နာရီလျှင် မိုင် ၁၁၀ နှုန်းဖြင့် မတိုက်ခတ်မီ အားပျော့သွားသည်။ သို့ဖြစ်၍ လွန်ခဲ့သည့် သုံးနှစ်က ကက်ထရီနာမုန်တိုင်းကြောင့် ပျက်စီးခဲ့သည့် မြို့သည် ရေကာတာများကြောင့် ဘေးဆိုးဒဏ်မှ သက်သာခဲ့သည်။ အင်အားပြင်းထန်သည့် ဂူစတပ်မုန်တိုင်းဒဏ်ကြောင့် မစ္စစ္စပီမြစ်ရေ၊ မွန်ချာထရိန်း ရေကန်ရေနှင့် နယူးအော်လင်း တူးမြောင်းရေများ မြင့်တက်ကာ အတားအဆီးများအား ကျော်လွှားနိုင်သည့်အန္တရာယ်ရှိနေသည်။

လျှပ်စစ်မီးအသုံးပြုသူ ၇၅၀၀၀၀ ခန့်သည် လျှပ်စစ်မီး ပြတ်တောက်ကာ မှောင်နှင့်မည်းမည်းတွင်နေထိုင်ရသည်။ ရက် သတ္တနှစ်ပတ်အကြာမှ လျှပ်စစ်မီး ပြန်လည်ရရှိနိုင်မည်ဟု လူဝီစီးယားနားအုပ်ချုပ်ရေးမှူးက ပြောကြားသည်။

အင်တာနက်။

ကျူးဘားနိုင်ငံမြို့တော် ဟာဗားနား၏ အနောက်ဘက် ကီလိုမီတာ ၁၀၀ အကွာ ပိုင်နာဒဲလ်ရီယိုပြည်နယ် လော့စ်ပါလာဝီယိုတွင် ဂူစတပ်မုန်တိုင်း ဖြတ်သန်းသွားပြီးနောက် အပျက်အစီးများကို တနင်္ဂနွေနေ့က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အာဖဂန်နစ္စတန်၌ အမေရိကန် တပ်ဖွဲ့ဝင် ၅၀၀မြောက် သေဆုံး

ကဘူး စက်တင်ဘာ ၃

အာဖဂန်နစ္စတန်၌ စနေနေ့က အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦး သေဆုံးခဲ့သည်။ ၎င်းသေဆုံးမှုသည် ၂၀၀၁ ခုနှစ်တွင် အာဖဂန်နစ္စတန်၌ ဖြစ်ပွားသော စစ်ပွဲစတင်ချိန်ကတည်းက ယင်းနိုင်ငံ၌အသက်ဆုံးရှုံးရသော ၅၀၀ မြောက် အမေရိကန်နိုင်ငံသား ပင်ဖြစ်သည်။ ၎င်းသည်အသက် ၃၆နှစ်ရှိသူ ဂျိုရှုယာဟာရစ်ဖြစ်ပြီး သူသည် မြောက်ကာရိုလိုင်းနားပြည်နယ် လီဆင်တွန်ဒေသ ရေတပ်မှ တပ်ကြပ်ကြီးတစ်ဦး ဖြစ်သည်။

အာဖဂန်နစ္စတန်တွင် မကြာသေးမီက အမေရိကန်နိုင်ငံသား သေဆုံးသူဦးရေ တိုးမြင့်လာသည်။ ဩဂုတ်လတွင် အာဖဂန်နစ္စတန်၌ အမေရိကန်နိုင်ငံသား ၂၂ ဦး သေဆုံးခဲ့ရပြီဖြစ်သည်။ ယင်းနိုင်ငံ၌ ဇွန်လသည် အမေရိကန်တပ်ဖွဲ့ဝင်များ သေဆုံးမှု အများဆုံးလဖြစ်သည်။

အင်တာနက်။

မကာအိုကမ်းလွန်တွင် သင်္ဘောနှစ်စင်းတိုက်မိ၊ တစ်ဦးသေဆုံး

မကာအို စက်တင်ဘာ ၃

မကာအိုကမ်းလွန်တစ်နေရာတွင် ကုန်တင်သင်္ဘောတစ်စင်းနှင့် ငါးဖမ်းသင်္ဘောတစ်စင်းတို့ အင်္ဂါနေ့က တိုက်မိကြရာ တစ်ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိကြောင်း ဆင်ဟွာသတင်းအရ သိရှိရသည်။

ဟောင်ကောင်မှမကာအိုသို့ မောင်းနှင်လာသည့် ကုန်တင်သင်္ဘောက ငါးဖမ်းသင်္ဘောအား မကာအိုကမ်းလွန်မှ ၇၅ မိုင်အကွာတွင် နံနက် ၁၁ နာရီ ၄၅ မိနစ်၌ တိုက်ခဲ့သည်ဟု အထူးအုပ်ချုပ်ရေးဒေသ၏ ရေကြောင်းအုပ်ချုပ်ရေးဌာနမှ ပြန်ကြားရေးတာဝန်ခံ ပုဂ္ဂိုလ်တစ်ဦးက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ဖော်ပြပါအတိုင်း သင်္ဘောနှစ်စင်းတိုက်မိပြီးနောက် ငါးဖမ်းသင်္ဘောပေါ်တွင် လိုက်ပါလာသည့် လူသုံးဦး ပင်လယ်အတွင်း ပြုတ်ကျခဲ့ပြီး တစ်ဦးသေဆုံးခဲ့ရသည်။ ကျန်လူများကို မကာအိုဆေးရုံသို့ တင်ပို့ထားသည်ဟု တာဝန်ရှိပုဂ္ဂိုလ်က ပြောကြားသည်။ ဒုက္ခသည်အားလုံးသည် တရုတ်ပြည်မကြီးမှဖြစ်ကြောင်း သိရှိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်ဝန်ကြီးအဖွဲ့က တရုတ်နိုင်ငံနှင့် ရေနံလုပ်ငန်းလုပ်ကိုင်ရန် သဘောတူညီချက် ခွင့်ပြု

ဘဂ္ဂဒက် စက်တင်ဘာ ၃

အီရတ်ဝန်ကြီးအဖွဲ့က တရုတ်နိုင်ငံနှင့် အမေရိကန်ဒေါ်လာ သုံးဘီလီယံတန်ဖိုးရှိ ရေနံလုပ်ငန်းလုပ်ကိုင်မည့် သဘောတူညီချက်ကို သဘောတူခဲ့ကြောင်း ဝန်ကြီးချုပ် နူရီအယ်လ်မာလီကီ အင်္ဂါနေ့တွင် ပြောကြားသည်။

အက်ဟက်ရေနံမြေမှ ရေနံထုတ်လုပ်ရန် လုပ်ငန်းဆိုင်ရာ သဘောတူညီချက်ကို အီရတ်နော်သင်ရေနံ ကုမ္ပဏီနှင့် တရုတ်ကုမ္ပဏီတို့က လုပ်ကိုင်ကြမည်ဖြစ်ပြီး ဝန်ကြီးအဖွဲ့က သဘောတူ ခွင့်ပြုခဲ့ခြင်းဖြစ်သည်ဟု အီရတ်အစိုးရ၏ ပြောရေးဆိုခွင့်ရှိသူ အယ်လ်ဒါဘက်က ပြောကြားသည်။

အီရတ်အစိုးရက တရုတ်အမျိုးသား ရေနံကုမ္ပဏီနှင့် ပြန်လည်ညှိနှိုင်းထားသည့် ရေနံသဘောတူညီချက်ကို မကြာမီက ထုတ်ပြန်ကြေညာခဲ့သည်။ ယင်းသဘောတူညီချက်ကို ၁၉၉၇ ခုနှစ်က ကနဦးလက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။

ယင်းသဘောတူညီချက်သည် ဆက်ဒမ်ဟူစိန်အစိုးရပြုတ်ကျပြီးနောက် အီရတ်နိုင်ငံက ပြည်ပနှင့် ပထမဆုံးလက်ခံခဲ့သည့် သဘောတူညီချက်ဖြစ်သည်။

အဆိုပါ သဘောတူညီချက် လက်မှတ်ရေးထိုးရန်အတွက် ရေနံဝန်ကြီး အယ်လ်ရှာရစ်စတန်နီက တရုတ်တာဝန်ရှိ ပုဂ္ဂိုလ်များကို ဘဂ္ဂဒက်သို့ လာရောက်ရန် ဖိတ်ကြားထားသည်ဟု သတင်းထောက်များသို့ ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

အတည်ပြုချိန် ၁း၀၀

စာတတ်မြောက်ရေး ဝိုင်းဝန်းပေး အကောင်းဆုံးသော ကုသရေး

လင်း(ပညာရေး)

ကမ္ဘာပေါ်ရှိ အချမ်းသာဆုံးနိုင်ငံကြီး၏ လူဦးရေ ၂၃ ရာခိုင်နှုန်းဖြစ်သော ယောကျ်ား၊ မိန်းမ ၄၄ သန်းခန့်သည် အလုပ်လျှောက်လွှာ ပုံစံဖြည့်ခြင်း၊ လမ်းညွှန်ဆိုင်းဘုတ်ဖတ်ခြင်း၊ ရွေးကောက်ပွဲ မဲထည့်ရန် မဲပြားပေါ်က စာဖတ်ခြင်း၊ သတင်းစာဖတ်ခြင်း၊ ဘတ်စ်ကားခရီးစဉ်ဖတ်ခြင်း၊ ကုန်ပစ္စည်းတံဆိပ်ဖတ်ခြင်း၊ စာရွက်ပေါ်က လိပ်စာဖတ်ခြင်းများကို ဆောင်ရွက်နိုင်စွမ်း မရှိကြပေ။ ဒက်ထရွိုက်မြို့၏ ၄၇ ရာခိုင်နှုန်းဖြစ်သော လူကြီးနှစ်ယောက်တွင် တစ်ယောက်နီးပါးသည် အဆိုပါ လုပ်ငန်းများကို မစွမ်းဆောင်နိုင်ကြပါ။ ဖွံ့ဖြိုးဆဲ နိုင်ငံမျိုးတွင် စာမတတ်မြောက်မှုဆိုသည်မှာ ကျေးလက်ဒေသများ၏ ပြဿနာဖြစ်သော်လည်း အမေရိကန်ကဲ့သို့သော နိုင်ငံမျိုးတွင် လူအများစုနေထိုင်ကြသော နိုင်ငံအတွင်းပိုင်းဒေသ မြို့ကြီး၊ ပြကြီးများတွင် ဖြစ်ပေါ်နေသည့် ပြဿနာဖြစ်သည်ဟု လေ့လာဖတ်ရှုရသဖြင့် အမေရိကန်လူမျိုး အရွယ်ရောက်ပြီး လူကြီးများ၏ ကြောက်ခမန်းလိလိ ရာခိုင်နှုန်းသည် ယနေ့လူ့အဖွဲ့အစည်းအတွက် လုံလောက်သော အရည်အချင်းများ မရှိကြကြောင်း သိရှိရပေသည်။

ထိုနည်းတူ ယနေ့ကမ္ဘာကြီးတွင် ၇၇၄ သန်းသော အရွယ်ရောက်ပြီးသူများ စာမတတ်မြောက်ကြသေးပါ။ ၎င်းတို့အနက် အသက် ၁၅ နှစ်နှင့်အထက် လူငယ်ငါးဦးလျှင် တစ်ဦးသည် လမ်းညွှန်ဆိုင်းဘုတ်ဖတ်ခြင်း၊ ကလေးစာပေကိုဖတ်ခြင်း၊ မြေပုံကြည့်ခြင်း၊ သတင်းစာဖတ်ခြင်း၊ ဆေးပုလင်းပေါ်က ဆေးညွှန်းစာဖတ်ခြင်းဟူသော အခြေခံစာတတ်မြောက်ရန် ကျွမ်းကျင်မှုများ လိုအပ်နေသကဲ့သို့ ၇၅သန်းသော ကလေးသူငယ်များသည် ကျောင်းသို့ရောက်မလာသေးပဲ သန်းပေါင်းများစွာသော လူငယ်များမှာ လိုအပ်သော စာတတ်မြောက်မှု အဆင့်သို့မရောက်မီ ကျောင်းထွက်သွားကြကာ ကျယ်ပြောလှသော ကမ္ဘာ့ရွာကြီးထဲတွင် စာရေးသားဆက်သွယ်နိုင်သည့် အခွင့်အလမ်းများ ဆုံးရှုံးလျက်ရှိနေပေသည်။

ယနေ့ခေတ်သည် နည်းပညာခေတ်၊ သတင်းအချက်အလက်ခေတ်ဟု တင်စားကာ ဆင်းရဲချမ်းသာမှုကို အင်တာနက် ဆက်သွယ်ပြောဆိုမှုဖြင့် သတ်မှတ်နေသော သတင်းခေတ်ဖြစ်သော်လည်း မည်သည့်နည်းဖြင့်ဖြစ်စေ ရရှိလာသော သတင်းအချက်အလက်များကို ဖတ်ရှုနိုင်စွမ်း မရှိသူများသည် ယနေ့ခေတ်၏ အပြင်ဘက်တွင် ကျန်ရစ်ခဲ့လိမ့်မည်ဖြစ်သည်။ သို့သော်လည်း နှစ်စဉ် စက်တင်ဘာလ ၈ရက်နေ့ရောက်တိုင်း ကမ္ဘာ့နိုင်ငံ အများအပြားက **‘နိုင်ငံတကာ စာတတ်မြောက်ရေးနေ့’** အခမ်းအနားများ ကျင်းပလျက် ထူးခြားသည့် ပြောင်းလဲတိုးတက်မှုများနှင့်အတူ မြင့်မားလာသော စာတတ်မြောက်မှုနှုန်းများကို ထုတ်ပြန်ကြေညာနေကြဆဲပင်ဖြစ်သည်။

ထိုသို့သော အခွင့်အလမ်းများ ဆုံးရှုံးရသူများထဲတွင် အမျိုးသမီးများနှင့် မိန်ကလေးများက သုံးပုံနှစ်ပုံခန့် ပါဝင်နေရာ ၎င်းတို့၏ဖွံ့ဖြိုးတိုးတက်ရေးတွင် ပညာရေးဖွံ့ဖြိုးတိုးတက်မှုက အရေးပါလှပေသည်။ အခြေခံစာကို ကျွမ်းကျင်စွာ တတ်မြောက်ပြီးသူ အမျိုးသမီးတစ်ဦးအနေဖြင့် မိမိကိုယ်ကိုယ် လေးစားယုံကြည်မှုရှိလာပြီး လိုအပ်သော ဆုံးဖြတ်ချက်ကို ခိုင်မာစွာ ချမှတ်နိုင်သည်။ သူမကိုယ်တိုင်နှင့် သူမ၏ ကလေး၊ မိသားစု၊ ဆွေမျိုးသားချင်းများ ကျန်းမာရေးအတွက် ပြုစုစောင့်ရှောက်ခြင်း၊ ကျန်းမာရေးဌာနများကို လိုအပ်သလို အသုံးပြုနိုင်ခြင်း၊ ဆေးဝါးများ သုံးစွဲမှုအတွက် ညွှန်ကြားချက်များကိုသိရှိပြီး လိုအပ်သော ပြုစုကုသမှုကို ကြိုတင်ဆောင်ရွက်နိုင်ခြင်း စသည်တို့ကို လွယ်ကူလျင်မြန်စွာ စွမ်းဆောင်နိုင်လိမ့်မည်ဖြစ်သည်။

ယခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့၏ ဆောင်ပုဒ်မှာ “Literacy is bestrememdy” **‘စာတတ်မြောက်ရေး ဝိုင်းဝန်းပေး အကောင်းဆုံးသောကုသရေး’** ဖြစ်သည်။ မည်သို့ဆိုစေကာမူ အဓိကဦးတည်ချက်မှာ **‘စာတတ်မြောက်ရေးနှင့်ကျန်းမာရေး’**ပင် ဖြစ်ပေရာ ကျန်းမာရေး ကောင်းမွန်လာစေရန်နှင့် ဆယ်ကျော်သက်တို့၏ ပညာရေးနှင့် အခွင့်အလမ်းများ တိုးပွားလာစေရေးတို့တွင် အမျိုးသမီးများ စာတတ်မြောက်ရေး ကြိုးပမ်းပေးခြင်းဖြင့် ၎င်းတို့မိသားစု၏ လက်ရှိအခြေအနေကို ကျော်လွန်ကာ သာယာသောဘဝသစ်သို့ လမ်းဖွင့်ပေးခြင်းပင်ဖြစ်သည်။

စာတတ်မြောက်ခြင်းသည် လူသားတို့၏ ကျန်းမာရေးအတွက် တိုက်ရိုက်အကျိုးသက်ရောက်မှုရှိသည်။ စာတတ်မြောက်ခြင်းဖြင့်ဆေးပုလင်းပေါ်က ဆေးညွှန်းစာကို ဖတ်ရှုနိုင်ရုံသာမက အေအိုင်ဒီအက်စ်ရောဂါ၊ ငှက်ဖျားရောဂါ၊ အဆုတ်ရောဂါနှင့် အခြားကူးစက်ရောဂါများအကြောင်းကို လေ့လာဖတ်ရှု သိရှိနိုင်ပေသည်။ ထိုသို့သော ရောဂါများကို မည်ကဲ့သို့ ကာကွယ်တားဆီးမည်၊ အသက်ကယ်ဆေးဝါးများကို မည်ကဲ့သို့ အသုံးပြု၍ ကြိုတင်ကာကွယ် ပြုစုကုသမည် ဟူသော အခြေခံအချက်အလက်များကို အနည်းဆုံး သိရှိနားလည်ရေးအတွက် ၇၇၄ သန်းသော စာမတတ်သူများထဲမှ သုံးပုံနှစ်ပုံခန့်သော အမျိုးသမီးများနှင့် မိန်းကလေးများ စာတတ်မြောက်ရေးကို ကြိုးပမ်းဆောင်ရွက်ခြင်းသည် ကျန်းမာပျော်ရွှင်ပြီး သာယာသော ကမ္ဘာကြီး တည်ဆောက်ရန်အတွက် အခြေခံအကျဆုံး လိုအပ်ချက် ဖြစ်ပေသည်။

ထို့ပြင် စာတတ်မြောက်ရေး၏ စိန်ခေါ်မှုတစ်ရပ်သည် မူလတန်းပညာ ရရှိပြီးသော ကလေးများ၏ သင်ယူတတ်မြောက်မှုဆိုင်ရာ ကျွမ်းကျင်မှုများ သေချာကျနစွာ ရရှိရေးပင်ဖြစ်သည်။ ပညာရေးစနစ်များကို စနစ်တကျ ဖွဲ့စည်းထားသည့်အတိုင်း သင်ယူတတ်မြောက်မှုဆိုင်ရာ ကျွမ်းကျင်မှုများကို ပြည့်ဝစွာ မရရှိခဲ့လျှင် ထိုကလေးငယ်များသည် နှစ်အနည်းငယ်ကြာသောအခါ သက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်ရင်း စာမတတ်သူများ ဖြစ်သွားကြမည်ဖြစ်သည်။

သက်ကြီးများ အနေဖြင့်လည်း ကျွမ်းကျင်စွာ တတ်မြောက်ရေးနှင့် သင်ယူနိုင်ခွင့်များ ပိုမိုရရှိရေးတို့အပြင် ယင်းတို့ကို ထိန်းသိမ်းကာ ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်နိုင်ခွင့် အခွင့်အလမ်းများ ရရှိလာစေရေးသည်လည်း စာတတ်မြောက်ရေး၏ စိန်ခေါ်မှုတစ်ရပ်ပင်ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် ထိုဖြစ်ရပ်မျိုးများကို ကြိုတင်ကာကွယ်နိုင်ရေး၊ ကုစားနိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာန၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင် ပြည်သူများပူးပေါင်း၍ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေရေး၊ ကျောင်းနေအရွယ်လွန်ကလေးများ ကျောင်းနေရေး၊ ကျောင်းနေမြဲရေးနှင့် မူလတန်းပညာ ပြီးဆုံးရေး၊ အလယ်တန်းပညာ ဆက်လက်သင်ယူခွင့်ရရှိရေး စသော လုပ်ငန်းများကို စီမံချက်များ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းဖြစ်သော ယူနီဆက်ဖ်နှင့် ပူးပေါင်း၍ ကျောင်းပြင်ပမူလတန်းပညာရေးအစီအစဉ်၊ ကျောင်းပြင်ပရောက်ကလေးများ တိုးချဲ့ပညာသင်ယူရေး အစီအစဉ်များကိုလည်း ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် စာတတ်မြောက်ရေးလုပ်ငန်းများကို တစ်မျိုးသားလုံး လူထုလှုပ်ရှားမှုအသွင်ဖြင့် စတင် ကြိုးပမ်းခဲ့ရာမှ ဆက်လက်၍ အရှိန်အဟုန်မြင့် ဆောင်ရွက်ခဲ့ရာ ၂၀၀၈ ခုနှစ်တွင် စာတတ်မြောက်မှုနှုန်း ၉၄ ဒသမ ၈၃ ရာခိုင်နှုန်းအထိ တိုးတက်မြင့်မားလာပြီဖြစ်သည်။

သက်ကြီးများ ကျွမ်းကျင်စွာ စာတတ်မြောက်ရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ရာတွင် ပညာရေးဝန်ကြီးဌာနက ရပ်ရွာပညာပဒေသာဌာနများ ထူထောင်၍ စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဝင်ငွေတိုး လုပ်ငန်းအစီအစဉ်၊ တစ်ဦးချင်းဝါသနာပါရာ လုပ်ငန်းအစီအစဉ်၊ ဘဝအရည်အသွေး မြင့်မားရေးနှင့် အမြဲတမ်းသင်ယူနေသော လူမှုအဖွဲ့အစည်း ဖြစ်လာရေးအတွက် အနာဂတ်ပညာရေး အစီအစဉ်များကို ဒေသဆိုင်ရာ အာဏာပိုင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဌာနဆိုင်ရာများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ စေတနာရှင် ပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ထိုကဲ့သို့ စီမံချက်များ ချမှတ်ဆောင်ရွက်နေရုံမျှဖြင့် မလုံလောက်သေးပေ။ ဆက်လက်လုပ်ကိုင်စရာများစွာ ကျန်ရှိနေဆဲပင်ဖြစ်သည်။ နည်းပညာခေတ်ကြောင့် ကမ္ဘာကြီးတစ်ခုလုံးပညာအဆင့်မြင့်သထက်မြင့်မားလာကာ နည်းမျိုးစုံဖြင့် ရရှိလာသော သတင်းအချက်အလက်များကို ဖတ်ရှုနိုင်စွမ်းရှိရန်၊ လူ့အဖွဲ့အစည်းအတွင်း အရေးပါထိရောက်စွာ ဆက်သွယ်ပါဝင်ဆောင်ရွက်နိုင်ရန်၊ ပြောင်းလဲနေသော အခြေအနေများ၊ မှန်းဆ၍ မရနိုင်သော အခြေအနေသစ်များကို ယုံကြည်စိတ်ချစွာ ရင်ဆိုင်နိုင်ရန် ကျန်းမာစွာ ရှင်သန်ရပ်တည်နေဖို့ လိုအပ်ပေသည်။

ထို့ကြောင့် ကျန်းမာပျော်ရွှင်ပြီး သာယာသော ကမ္ဘာကြီး တည်ဆောက်နိုင်ရေးအတွက် ၇၇၄ သန်းသော စာမတတ်သူများ စာတတ်မြောက်ရေး၊ အမျိုးသမီးများနှင့် မိန်းကလေးများ စာတတ်မြောက်ရေးနှင့် ကျန်းမာရေး၊ အားနည်းသူကို ဖြည့်ဆည်းပေးနိုင်ရေးတို့အတွက် လက်တွဲကြိုးပမ်းကြပါစို့ဟု တိုက်တွန်းတင်ပြလိုက်ရပါသည်။ ။

> **စာတတ်မြောက်ခြင်းသည် လူသားတို့၏ ကျန်းမာရေးအတွက် တိုက်ရိုက်အကျိုးသက်ရောက်မှုရှိ။ စာတတ်မြောက်ခြင်းဖြင့် ဆေးပုလင်းပေါ်က ဆေးညွှန်းစာကို ဖတ်ရှုနိုင်ရုံသာမက အေအိုင်ဒီအက်စ်ရောဂါ၊ ငှက်ဖျားရောဂါ၊ အဆုတ်ရောဂါနှင့် အခြားကူးစက်ရောဂါများအကြောင်းကို လေ့လာဖတ်ရှုသိရှိနိုင်။**

စာပေပွင့်ပန်း

မွှေးရနံ့ကြိုင်လှိုင်
မြိုင်ယံမှပွင့်ပန်း။
ရာသီလွန် ရက်လကူး
ပွင့်ဖူးကြွေနွမ်း။

သင်းပျံ့ပျံ့ ထုံလွှင်
ဥယျာဉ်မှ ပွင့်ပန်း။
ရာသီလွန် ရက်လကူး
ပွင့်ဖူးကြွေနွမ်း။

ပန်းမျိုးအစုံစုံ
အလှဂုဏ်ဘယ်သို့ဆန်း။
ရာသီလွန် ရက်လကူး
ပွင့်ဖူးကြွေနွမ်း။

ရက်လတွေဘယ်သို့ကူး
ပွင့်ဖူးက ဝေမြဲပေ။
ရာသီလွန် ရာသီဆိုးလည်း
မညှိုးမကြွေ

ထာဝရ လန်းဆန်းနေ
စာပေဟူသည့် ပွင့်ပန်း။

အမှောင်ကို ဖယ်ခွာရှင်းတဲ့ပြင်
အလင်းကို ဖြန့်ဝေပေးပါလို့
အတွေးအသိ မှန်စေကြောင်းရယ်နှင့်
အဆိုးအကောင်းကို ခွဲပြနေ
စာပေအစဉ်မြင့်ပါမှ
လူမျိုးဂုဏ် အစဉ်တင့်မည်မို့
တွေးချင့်ကာ အချိန်မဆိုင်းဘဲ
စာမတတ်သူ လူတိုင်းကို
စာတတ်အောင်ပြည်သူတိုင်းက
ဝိုင်းသင်ပါစမ်း။ ။

မောင်မောင်မိုးအောင်

ဝန်ကြီး ဗိုလ်ချုပ်စောလွင် လုပ်ငန်းဆိုင်ရာများ ဆွေးနွေးမှာကြား

နေပြည်တော် စက်တင်ဘာ ၄

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်သည် တာဝန်ရှိသူများနှင့် အတူ ဩဂုတ် ၃၀ ရက်တွင် ဧရာဝတီတိုင်း မအူပင်မြို့ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီး ဌာန မအူပင်ခရိုင် ဦးစီးဌာနမှူးရုံး၌ ခရိုင်နှင့်ခရိုင်အတွင်းရှိ မြို့နယ်ဦးစီးဌာနမှူးရုံးများမှ ဝန်ထမ်းများအား တွေ့ဆုံ၍ ဝန်ကြီးဌာန၏ ရည်မှန်းချက်တာဝန်များကို ဆောင်ရွက်ရာ၌ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ စနစ်တကျ ဆောင်ရွက်ကြရန်၊ ပြည်သူအပေါ် စေတနာထားကာ ဆက်ဆံရေးပြေပြစ်ကောင်းမွန်ရန်နှင့် လေဘေးသင့်ပြည်သူများ၏ ပျက်စီးပျောက်ဆုံးသွားသော နိုင်ငံသားစိစစ်ရေးကတ်ပြားများကို အမြန်ပြန်လည် စိစစ်ထုတ်ပေးရန်၊ စီမံကိန်းရည်မှန်းချက်များ အောင်မြင်ရေးအတွက် တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန် အကျယ်တဝင့် ရှင်းလင်းမှာကြားသည်။

ထို့နောက် ဝန်ကြီးသည် ဖျာပုံမြို့သို့ရောက်ရှိပြီး စုပေါင်းရုံးခန်းမ၌ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာန ဖျာပုံခရိုင် ဦးစီးဌာနမှူးရုံးနှင့် ခရိုင်အတွင်းရှိ မြို့နယ်များမှ ဝန်ထမ်းများအား တွေ့ဆုံ၍ စီမံကိန်းရည်မှန်းချက်များ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းမှာကြားကာ မြို့နယ်ဦးစီးဌာနမှူးများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဝန်ကြီး ဗိုလ်ချုပ်စောလွင်သည် စက်တင်ဘာ ၁ ရက်တွင် တာဝန်ရှိသူများနှင့်အတူ ရန်ကုန်(တောင်ပိုင်း) ခရိုင် ခရမ်းမြို့နယ် ဦးစီးဌာနမှူးရုံးခန်းမ၌ ဝန်ထမ်းများအား တွေ့ဆုံပြီး မှတ်တမ်းခန်းအတွင်း လှည့်လည်

ကြည့်ရှုစစ်ဆေးသည်။ ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် သုံးခွမြို့နယ် ဦးစီးဌာနမှူးရုံးသို့ ရောက်ရှိပြီး မှတ်တမ်းခန်းအတွင်း မှတ်တမ်းဖိုင်များ စနစ်တကျထိန်းသိမ်းထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား မှတ်တမ်းများ ပျက်စီးမှုမရှိစေရေးနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးတို့အတွက် စီစဉ်ဆောင်ရွက်ထားရှိရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တွေ့ဆုံ

လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင် ဖျာပုံမြို့ စုပေါင်းရုံးခန်းမ၌ လူဝင်မှု ကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာန ဖျာပုံခရိုင် ဦးစီးဌာနမှူးရုံးနှင့် ခရိုင်အတွင်းရှိ မြို့နယ်များမှ ဝန်ထမ်းများအား တွေ့ဆုံစဉ်။

(လူဝင်မှုကြီးကြပ်ရေး)

ရှေးဦး ကလေးသူငယ်ပြုစုပျိုးထောင်ရေး ဆရာမများအခြေခံသင်တန်းဖွင့်လှစ်မည်

ရန်ကုန် စက်တင်ဘာ ၄

လူမှုဝန်ထမ်းဦးစီးဌာန ရန်ကုန်တိုင်း လူမှုဝန်ထမ်းရုံးက ကြီးမှူး၍ "ရှေးဦးကလေးသူငယ် ပြုစုပျိုးထောင်ရေး" [Early Childhood Care and Development (ECCD)] ဆရာမများ အခြေခံသင်တန်းကို စက်တင်ဘာ ၁၂ ရက်မှ အောက်တိုဘာ ၂၆ ရက်အထိ အပတ်စဉ် သောကြာ၊ စနေ၊ တနင်္ဂနွေနေ့များတွင် ဖွင့်လှစ်သွားမည်ဖြစ်ရာ သင်တန်းတက်ရောက်လိုသူများသည် ရန်ကုန်တိုင်းလူမှုဝန်ထမ်းရုံး၊ အမှတ်(၂၄၇/၂၆၉) ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်(ဗာဒံပင်မှတ်တိုင်အနီး)၊ ဖုန်း- ၅၅၂၉၅၇၊ ၅၅၂၉၂၇ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာလိဂ်ဘောလုံးပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၄

၂၀၀၈-၂၀၀၉ ဘောလုံးရာသီ မြန်မာလိဂ် ဖွင့်ပွဲအထိမ်းအမှတ် ဘောလုံးပြိုင်ပွဲကို မူလကျင်းပရန်စီစဉ်ထားသည့် စက်တင်ဘာ ၆ရက်နေ့အစား စက်တင်ဘာ ၇ ရက်သို့ ပြောင်းလဲကျင်းပမည်ဖြစ်သည်။

မြန်မာလိဂ်ဖွင့်ပွဲ အထိမ်းအမှတ် ဘောလုံးပြိုင်ပွဲကို စက်တင်ဘာ ၇ရက် ညနေ ၃ နာရီတွင် အောင်ဆန်းကွင်း၌ ကျင်းပမည်ဖြစ်ပြီး ယမန်နှစ်ဘောလုံးရာသီ အဆင့်မြင့်တန်း အမှတ်ပေးနှင့် ကွင်းပိတ်ချန်ပီယံ ဘဏ္ဍာ/အခွန်အသင်းနှင့် အမှတ်ပေးပြိုင်ပွဲ ဒုတိယဆုရ ကမ္ဘောဇအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

(ကြေးမုံ)

ကျေးရွာစာကြည့်တိုက်များ ရှင်သန်ရေးဆွေးနွေး

နေပြည်တော်ပျဉ်းမနား စက်တင်ဘာ ၄

ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ရှင်သန်ဖွံ့ဖြိုးရေးအတွက် စာဖတ်သူပိုမိုတိုးပွားရေး၊ စာအုပ်စာစောင်တိုးပွားရေးနှင့် စာပေဗဟုသုတတိုးပွားရေးတို့အတွက် ဩဂုတ် ၂၆ ရက်က နေပြည်တော်ပျဉ်းမနား ကင်းမွန်းတန်းကျေးရွာ မူလတန်းကျောင်းခန်းမ၌ စာပေဟောပြောပွဲ ကျင်းပသည်။

စာပေဟောပြောပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး(ပြန်/ဆက်) ဦးသန်းထွန်း(သန်းထွန်း-ပြန်/ဆက်)နှင့် စာရေးဆရာဦးညွှန့်ဟန်(ညွှန့်ဟန်-ကြူတော)တို့က ဟောပြောကြရာ ခရိုင်ဦးစီးအရာရှိ ဦးအေးဖေ၊ မြို့နယ်ဦးစီးမှူး ဦးမောင်ထွန်းနှင့် ကျေးရွာပြည်သူများ တက်ရောက်ကြကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

The LIVE NEWS ဂျာနယ် အမှတ်(၉၆) ထုတ်ဝေဖြန့်ချိ

ရန်ကုန် စက်တင်ဘာ ၄

ယခုတစ်ပတ်ထုတ် The LIVE NEWS ဂျာနယ် အမှတ်(၉၆)တွင် ဆင်ဖြူကျွန်းအောင်သိန်း၏ သဒ္ဒါရုံကိုဖျက်သောစက်၊ မြင်းမူမောင်နိုင်မိုး၏ မသူတော်နှင့် သူတော်၊ မပြည့်အိုး၊ မရောင့်ရဲခြင်း၊ နီမင်းဆွေ၏ ပါပါရာဇီ၊ ကိုကိုလှိုင်၏ ဒီမိုကရေစီလမ်းကြောင်းပေါ်မှ နောက်တစ်လှမ်းဆုတ်ရန်ပြင်နေသည့် ထိုင်းနိုင်ငံ၊ ဦးကို၏ လမ်းပေါ်ကအတွေးများ(၁၉) ထိပ်ပိတ်ကားများ၊ မောင်မြတ်မွန်(ဆူးလေ)၏ ရန်ကုန်မြို့ကြီးက နိုင်ငံခြားအမည်ရခဲ့တဲ့လမ်း၊ ရပ်ကွက်၊ သင်္ဘောဆိပ်၊ နန်းတော်နဲ့ ဘာသာရေးအဆောက်အအုံများ(၄)၊ နီငြိမ်း(အညာတက္ကသိုလ်)၏ တရုတ်ပြည်သစ်၏ လူမှုစီးပွားရေးဘဝဖွံ့ဖြိုးတိုးတက်မှု အခြေအနေအပိုင်း(၄)၊ သစ်လွင်မိုး၏ သောင်မတင်ရေမကျနဲ့ မအီမလည်ဖြစ်လာတဲ့ ပါကစ္စတန်နိုင်ငံရေး၊ အောင်ကျော်ဆန်း၏ အလိုဆန္ဒမှသည် အထွတ်အထိပ်အောင်ပွဲဆီသို့၊ မုန်တိုင်း အလွန်ပြန်လည်ထူထောင်ရေးအတွက် FAO က ကန်ဒေါ်လာ ၃၃ ဒသမ ၅သန်းသုံးစွဲသွားမည်၊ လူငှားများအပေါ် ပိုမိုမှီခိုလာရသည့် အမေရိကန်ထောက်လှမ်းရေးလုပ်ငန်းများ၊ အခွန်အခတိမ်းရှောင်နေတဲ့အိန္ဒိယသူဌေးကြီးများ၊ အခြေမလှတော့သည့် မလေးရှားဝန်ကြီးချုပ် အာမက်ဘာဒါဝီ၊အာဖဂန်လူသတ်ပွဲ-ရမ်ဘိုဘယ်မှာလဲ၊ နေ့မှာအမှုလိုက် ညမှာဒုစရိုက်၊ မျက်ဝန်းရိပ်အပိုင်း(၇၊ ၈)၊ ပင်လယ်ပျော်မင်းသားအပိုင်း(၂၇၊ ၂၈)၊ ရွှေမင်းသားလေးချစ်ပုံပြင်အပိုင်း (၂၈၊ ၂၉)စသည့် သတင်း၊ဆောင်းပါး၊အားကစား၊အနုပညာကဏ္ဍများဖြင့် ဝေဝေဆာဆာတင်ဆက်ထားသည်။ The LIVE NEWS ဂျာနယ်အား အပတ်စဉ် စနေနေ့တိုင်း ဖတ်ရှုသူအိမ်အရောက် ပေးပို့ရန် စီစဉ်ထားရာ လစဉ်ကြေးဖြင့် ဖတ်ရှုလိုသူများ ၃ လ-၁၃ စောင်-၅၈၅၀/-၊ ၆ လ-၂၆ စောင်-၁၁၇၀၀/-နှုန်းထားများဖြင့် ရွှေပြည်စိုးစာပေတိုက်၊ အမှတ်(၃၁၀)၊ အခန်း(၀၀၄) ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၂၂၉၈၈၂၊ ၂၂၉၈၈၅ နှင့် MARKET CARE (Distribution Service) အမှတ်(၅၅)ပထမထပ် ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ် ရန်ကုန်မြို့။ ဖုန်း-၂၂၃၉၇၃၊ ၀၉-၅၀၀၈၀၄၇ တို့သို့ မှာယူဖတ်ရှုနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ကျန်းမာရေးနှင့် ညီညွတ်သောအစားအစာများရောင်းချရေး စစ်ဆေး

ရန်ကုန် စက်တင်ဘာ ၄

ကမာရွတ်မြို့နယ် လှည်းတန်းဈေးအတွင်းရှိ စားသောက်ဆိုင်များ၊ သားငါးဆိုင်များ၊ သစ်သီးဆိုင်များတွင် သန့်ရှင်းလတ်ဆတ်၍ ကျန်းမာရေးနှင့် ညီညွတ်သောအစားအစာများ ရောင်းချစေရေးအတွက် မြို့နယ်ကျန်းမာရေး လက်ထောက်အရာရှိ ဒေါက်တာစန်းစန်းလှိုင်နှင့် မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူးရုံး (ကျန်းမာရေးဌာန) ကျန်းမာရေးမှူး(၂) ဒေါ်စန်းစန်းထွေး တို့ပူးပေါင်း၍ ကြည့်ရှုစစ်ဆေးသည်။ **(အောက်ပုံ)**

မိုးရာသီတွင် ဖြစ်ပွားတတ်သော ကူးစက်ရောဂါများ မဖြစ်ပွားစေရန် ပညာပေးဟောပြောခြင်း၊ ဆေးဖျန်းခြင်းများကိုလည်း ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

(ကြေးမုံ)

ယာဉ်မတော်တဆမှုလျှော့နည်းပပျောက်ရေး ရှောင်တခင်စစ်ဆေး

ရန်ကုန် စက်တင်ဘာ ၄

ရထားပို့ဆောင်ရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ရန်ကုန်တိုင်းရုံးခွဲ(ရွာသာကြီး)မှ တိုင်းရုံးခွဲဦးစီးမှူး ဦးကျော်အေးလွင်နှင့် အရှေ့ပိုင်းခရိုင် ဦးစီးမှူးဦးအောင်သိန်း ဦးစီးသော အဖွဲ့သည် ရန်ကုန်တိုင်းပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၊ ရန်ကုန်တိုင်း မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ(အဝေးပြေး)၊ ရန်ကုန်တိုင်း ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့တို့နှင့် ပူးပေါင်း၍ ဩဂုတ် ၂၃ရက်တွင် အောင်မင်္ဂလာအဝေးပြေး ယာဉ်ရပ်နားစခန်းအတွင်း၌ အဝေးပြေး ခရီးသည်တင်ယာဉ်များနှင့် ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များအား ယာဉ်ကြံ့ခိုင်မှုရှိ၊ မရှိ၊ အချက်ပြမီးများကောင်းမွန်ခြင်းရှိ၊ မရှိနှင့် သတ်မှတ်ယာဉ်မောင်းလိုင်စင်ဖြင့် မောင်းနှင်ခြင်းရှိ၊ မရှိတို့ကို အထူးရှောင်တခင် စစ်ဆေး၍ ပညာပေးအရေးယူ ဆောင်ရွက်ခဲ့ကြကြောင်းသိရှိရသည်။**(ယာပုံ)**(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၅-၉-၂၀၀၈ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ အစီအစဉ်
၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ရင်ခုန်စီးဆင်း အချစ်သီချင်း
၄း၁၅ ၄။ မဟာဂီတချိုကြည်မြ
၄း၂၀ ၅။ မျိုးချစ်တပ်မတော်
၄း၃၀ ၆။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၄၅ ၇။ အလွမ်းတေးပန်းချီ ချစ်သူဆီ
၅း၀၀ ၈။ မြန်မာစာမြန်မာစကား
၅း၃၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြား သတင်း
၆း၁၀ ၁၁။ နိုင်ငံတကာသတင်း
၆း၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆း၂၅ ၁၃။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၆း၄၅ ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀ ၁၅။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -သံမဏိစိတ်ဓာတ် (အပိုင်း-၂)**
၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြား သတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ **လယ်တီဆရာတော်ကြီး၏ ထေရုပ္ပတ္တိ**
၂၀။ စိုက်ပျိုးသုတ
၂၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၂၂။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၃။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -နှင်းတောင်သူရဲကောင်း (အပိုင်း -၂၅)**
၂၄။ သင့်အတွက်မနက်ဖြန်
၂၅။ အပိတ်နှုတ်ဆက်စကား
၂၆။ ပြီးပါပြီ။

ကျောင်းသားကျောင်းသူများအား ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနား စစ်ကိုင်းတိုင်း မုံရွာခရိုင် ပုလဲမြို့နယ်တွင် ကျင်းပ

နေပြည်တော် စက်တင်ဘာ ၄

၂၀၀၇-၂၀၀၈ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် စစ်ကိုင်းတိုင်း မုံရွာခရိုင် ပုလဲမြို့နယ်ရှိ ကျောင်းသား၊ကျောင်းသူများအား ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို စက်တင်ဘာ ၂ရက် နံနက် ၁၁နာရီတွင် ပုလဲမြို့နယ်ရှိ ပုလဲရတနာခန်းမ၌ကျင်းပရာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုးနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတို့ တက်ရောက်၍ အမှာစကားပြောကြားကြပြီး ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ကျောင်းသူများအား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုး ၂၀၀၇-၂၀၀၈ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် စစ်ကိုင်းတိုင်း မုံရွာခရိုင် ပုလဲ မြို့နယ်ရှိ ကျောင်းသား ကျောင်းသူများအား ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားတွင် ငါးဘာသာ ဂုဏ်ထူးရ ကျောင်းသား တစ်ဦးအား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

အဆိုပါ အခမ်းအနားသို့ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ ကျောင်းအုပ်ကြီးများနှင့် ဆရာ၊ ဆရာမများ၊ ထူးချွန်ဆုရ ကျောင်းသား၊ ကျောင်းသူများ၊ ၎င်းတို့၏မိဘများ၊ အထက်တန်းအဆင့်၊ အလွတ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုးနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတို့က အမှာစကားပြောကြားကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုးက ၂၀၀၇-၂၀၀၈ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ငါးဘာသာဂုဏ်ထူးရကျောင်းသား တစ်ဦး၊ လေးဘာသာဂုဏ်ထူးရ ကျောင်းသား သုံးဦး၊ သုံးဘာသာဂုဏ်ထူးရ ကျောင်းသူ သုံးဦး၊ နှစ်ဘာသာဂုဏ်ထူးရ ကျောင်းသားကျောင်းသူ ငါးဦး၊ တစ်ဘာသာဂုဏ်ထူးရ ကျောင်းသားကျောင်းသူ ခုနစ်ဦးတို့အား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာတို့ကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဝန်ကြီးဗိုလ်မှူးချုပ် ကျော်ဆန်းက ငါးဘာသာဂုဏ်ထူးရ ကျောင်းသားတစ်ဦး၊ လေးဘာသာဂုဏ်ထူးရကျောင်းသား သုံးဦး၊ သုံးဘာသာဂုဏ်ထူးရ ကျောင်းသားကျောင်းသူ သုံးဦး၊ နှစ်ဘာသာဂုဏ်ထူးရ ကျောင်းသားကျောင်းသူငါးဦးနှင့် တစ်ဘာသာဂုဏ်ထူးရ ကျောင်းသားကျောင်းသူခုနစ်ဦးတို့အား ဂုဏ်ပြုဆုငွေနှင့်ဂုဏ်ပြုမှတ်တမ်းလွှာတို့ကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုးနှင့် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းတို့က ထူးချွန်စွာအောင်မြင်အောင် သင်ကြားပေးကြသော အခြေခံပညာအထက်တန်းကျောင်း လေးကျောင်းတို့မှ ကျောင်းအုပ်ကြီးများနှင့် အထက်တန်းပြ၊အလယ်တန်းပြနှင့် မူလတန်းပြဆရာ၊ ဆရာမ ၁၆၀ ဦးတို့အား ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်ကြရာ သက်ဆိုင်ရာကျောင်းအုပ်ကြီးများက လက်ခံရယူကြသည်။

ယင်းနောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ပုလဲမြို့နယ် ပုပ္ပားကျေးရွာမှ သူနာပြုတက္ကသိုလ်တွင်တက်ရောက်ပညာသင်ကြားနေသည့် ငါးဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သော မအေးအေးထွေးအား ဂုဏ်ပြုဆုငွေကျပ်ငါးသောင်းကိုလည်းကောင်း၊ ပုလဲမြို့နယ် အင်းကန်ကျေးရွာ အုပ်စု သပြေကုန်းကျေးရွာ ကိုယ့်အားကိုယ်ကိုး အခြေခံပညာမူလတန်းကျောင်းတွင် ပညာသင်ကြားပေးလျက်ရှိသော ဆရာမနှစ်ဦးတို့အတွက် ထောက်ပံ့ ငွေကျပ်သုံးသိန်းကိုလည်းကောင်း ပေးအပ်ချီးမြှင့်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ထို့နောက် ပုလဲမြို့နယ်ပညာရေးမှူးဦးတင်ဟန်က ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

စစ်ကိုင်းတိုင်း မုံရွာခရိုင် ပုလဲမြို့နယ်၌ ၂၀၀၇-၂၀၀၈ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ငါးဘာသာဂုဏ်ထူးရှင်နှစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင်ခြောက်ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ခြောက်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၁၀ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၁၄ဦး စုစုပေါင်း ၃၈ ဦးတို့ ထူးချွန်စွာ အောင်မြင်ခဲ့ကြသည်။

အခမ်းအနားအပြီးတွင် တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုး၊ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတို့သည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။ (သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ၂၀၀၇-၂၀၀၈ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် စစ်ကိုင်းတိုင်း မုံရွာခရိုင် ပုလဲမြို့နယ်ရှိကျောင်းသား ကျောင်းသူများအား ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားတွင် ငါးဘာသာဂုဏ်ထူးရ ကျောင်းသားတစ်ဦးအား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

သာကေတမြို့နယ် ရန်ပြေလမ်းမကြီး ကတ္တရာလမ်းသစ်ဖွင့် ရန်ပြေလမ်းသွယ်(၂)လမ်းအား အဆင့်မြှင့်ဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၄

ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဆောင်ရွက်ပြီးစီးသော သာကေတမြို့နယ် ၂/တောင် ရပ်ကွက်ရှိ ရန်ပြေလမ်းမကြီး ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့မွန်းတည့် ၁၂ နာရီတွင် အဆိုပါလမ်းသစ်ထိပ်ရှိ မုခ်ဦးရှေ့၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (ရန်ကုန်တိုင်းတာဝန်ခံ) ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ အတွင်းရေးမှူး ဦးအောင်သန်းဝင်းနှင့် တာဝန်ရှိသူများက လမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်နှင့် တာဝန်ရှိသူများက လမ်းသစ်ဖွင့်ပွဲအထိမ်းအမှတ်ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြပြီး ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်က အမှာစကားပြောကြားကာ လမ်းသစ်ကို ဖြတ်သန်းကြည့်ရှု စစ်ဆေးကြသည်။

ယနေ့ဖွင့်လှစ်သည့် သာကေတမြို့နယ် ၂/ တောင်ရပ်ကွက်ရှိ ရန်ပြေလမ်းမကြီးသည် လမ်းအရှည်ပေ ၁၁၀၀ နှင့် အကျယ် ၁၂ ပေရှိသည်။

ဆက်လက်၍ ဗဟိုအလုပ် အမှုဆောင် မြို့တော်ဝန်သည် ရန်ပြေလမ်းသွယ်(၂)လမ်းအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့် ဆောင်ရွက်ရန် လမ်းအခြေအနေနှင့် သာကေတမြို့နယ် အမှတ်(၄) အခြေခံပညာမူလတန်းကျောင်း၌ အလျားပေ ၁၂၀ နှင့် အနံပေ ၃၀ ရှိ တစ်ထပ် Steel Structure ကျောင်းဆောင် ဆောက်လုပ်နေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ငပုတောမြို့ သန့်ရှင်းသာယာလှပရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ၏ မဂ္ဂင်လမ်းနှင့် ယင်းမာလမ်းဆုံတွင် မြေယာရှုခင်းအပိုင်း တည်ဆောက်နေခြင်းလုပ်ငန်းကို ဇူလိုင် ၁၇ ရက်က အမှုဆောင်အရာရှိ ဦးတိုးမြင့်အောင်နှင့် အငယ်တန်းအင်ဂျင်နီယာ-၂ (မြို့ပြ) ဦးခင်မောင်စိုးတို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

တစ်ချက်တည်းဖြင့်ကျင်းဝင်

မန္တလေး စက်တင်ဘာ ၄

၁-၉-၂၀၀၈ ရက်တွင် ဦးရဲလင်း (မန်းတိုင်းနှင့် ဆောက်လုပ်ရေးဘောလုံးလက်ရွေးစင်ဟောင်း စိန်မြင့်မိုရ်(ကဖေး) သည် ကစားဖော်များဖြစ်ကြသည့် ရဲမှူးလှကြည်၊ ဒုတိယရဲမှူးခိုင်စိုးတို့နှင့်အတူ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ရွှေမန်းတောင်ဂေါက်ကွင်း၌ ဂေါက်သီးရိုက်ကစားစဉ် ဂေါက်သီးအမျိုးအစား Titleist No. (4)၊ ဂေါက်တုတ် အမျိုးအစား PING IRON No (9) ဖြင့် ရိုက်လိုက်ရာ ကိုက် ၁၅၀ အကွာရှိ ကျင်းအမှတ်(၂)သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားခဲ့သဖြင့် KM GOLF CENTRE ငွေကျပ် ၂၀၀၀၀ တန်ဖိုးရှိ ဂေါက်ပစ္စည်းများကိုလည်းကောင်း၊ Lucky သောက်ရေသန့်မှ ငွေကျပ်တစ်သိန်းကိုလည်းကောင်း ဦးရဲလင်းအားဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ (ကြေးမုံ)

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး နှိုးဆော်ချက်

၁။ မိုးရာသီအတွင်း အသက်၃-နှစ်မှ၁၄-နှစ်အထိ ကလေးငယ်များတွင် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားတတ်ပါသည်။ သွေးလွန်တုပ်ကွေးရောဂါဖြစ်လျှင် ရင်သွေးငယ်များ အသက်ဆုံးပါးသည် အထိ ဖြစ်နိုင်သဖြင့် မိမိတို့ရင်သွေးများ ရောဂါဘယကင်းဝေးစေရန် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ကြပါရန် နှိုးဆော်အပ်ပါသည်-

၂။ သွေးလွန်တုပ်ကွေးရောဂါသည် ရေကြည်ရေသန့်တွင် ပေါက်ပွားသော ခြင်ပုန်း၊ ခြင်ကျား အကိုက်ခံရခြင်းကြောင့် ကူးစက်ပါသည်။ သို့ပါ၍ ခြင်ပုန်း၊ ခြင်ကျားမပေါက်ပွားစေရန် မိမိတို့ရင်သွေးငယ်များ ခြင်ကိုက် မခံရစေရန် အောက်ပါအတိုင်း ဆောင်ရွက်ကြပါရန် နှိုးဆော် အပ်ပါသည်-

လိုက်နာရမည့်အချက်များ-

(က) ရေစည်၊ ရေအိုးများကို လုံခြုံစွာဖုံးအုပ်ထားပါ။
(ခ) ပန်းအိုး၊ ညောင်ရေအိုးတို့မှ ရေကို နေ့စဉ်လဲလှယ်ပေးပါ။
(ဂ) ရေစည်၊ ရေအိုးများရှိ ပိုးလောက်လမ်းများအား ရေစစ်ဖြင့် ခပ်ထုတ်ပစ်ပါ။
(ဃ) မိုးရေတင်နိုင်သောဘူးခွံ၊ ပုံးခွံ၊တာယာစုတ်၊ အိုးခြမ်းပဲ့ စသည်တို့ကို ဖယ်ရှားရှင်းလင်းပါ။
(င) မိမိတို့အိမ်ရှေ့အိမ်နောက်တို့မှရေမြောင်းများအား ရေစီးရေလာကောင်းအောင် ရှင်းလင်းပါ။ လိုအပ်ပါက စည်ပင်သာယာရေးအဖွဲ့၏ အကူအညီကိုယူပါ။
(စ) အိမ်ပတ်ဝန်းကျင်ရှိ ရေဝပ်နိုင်သော မြေနိမ့်များကို ဖို့ပါ။
(ဆ) အလင်းရောင်ရရှိရန် တံခါးများကို နေ့ခင်းပိုင်းတွင် ဖွင့်ထားပါ။
(ဇ) အိမ်တွင်း၊ အိမ်ပြင်သန့်ရှင်းအောင်ထားပါ။
(ဈ) ကလေးများ နေ့လယ်အိပ်ချိန်တွင် ခြင်ထောင်ဖြင့်သိပ်ပါ။ (အင်္ကျီလက်ရှည်၊ ဘောင်းဘီရှည်၊ ထဘီ၊ ပုဆိုး စသည်တို့ကို ဝတ်ဆင်ထားပေးပါ)

၃။ ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းပြီး ခြင်မပေါက်ပွားစေရန် ဆေးဖျန်းခြင်း၊ အသိပညာပေးခြင်း၊ ကာကွယ်တားဆီးရေး လုပ်ငန်းများကို ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

○ ရွှေဖုံးမှ

အခမ်းအနားတွင် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မြင့်စိုးနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်း ရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတို့က အမှာစကား ပြောကြားကြသည်။

ယင်းနောက် တိုင်းမှူးဗိုလ်မှူးချုပ်မြင့်စိုးက ၂၀၀၇-၂၀၀၈ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ငါးဘာသာဂုဏ်ထူးရ ကျောင်းသားတစ်ဦး၊ လေးဘာသာဂုဏ်ထူးရ ကျောင်းသား တစ်ဦး၊ သုံးဘာသာဂုဏ်ထူးရ ကျောင်းသူတစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူ သုံးဦးနှင့် တစ်ဘာသာဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူ ၁၀ ဦးတို့အား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ၂၀၀၇-၂၀၀၈ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ငါးဘာသာဂုဏ်ထူးရ ကျောင်းသားတစ်ဦး၊ သုံးဘာသာဂုဏ်ထူးရ ကျောင်းသူနှစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရ ကျောင်းသား၊ကျောင်းသူ သုံးဦးနှင့် တစ်ဘာသာဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူ ကိုးဦးတို့အား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုးနှင့် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတို့သည် ထူးချွန်စွာအောင်မြင်အောင် သင်ကြားပေးခဲ့ကြသော အခြေခံပညာအထက်တန်းကျောင်း ခြောက်ကျောင်းတို့မှ ကျောင်းအုပ်ကြီးများနှင့် မူလတန်းပြ၊ အလယ်တန်းပြနှင့် အထက်တန်းပြ ဆရာ၊ ဆရာမ ၂၂၄ ဦးတို့အား ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်ကြရာ သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများက လက်ခံရယူကြသည်။

ယင်းနောက် ယင်းမာပင်မြို့နယ် ပညာရေးမှူး ဦးစိုးတင့်အောင်က ကျေးဇူးတင်စကားပြောကြားသည်။

စစ်ကိုင်းတိုင်း မုံရွာခရိုင် ယင်းမာပင်မြို့နယ်၌ ၂၀၀၇-၂၀၀၈ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ငါးဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင် သုံးဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ခြောက်ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၁၉ ဦး စုစုပေါင်း ၃၁ဦးတို့ ထူးချွန်စွာအောင်မြင်ခဲ့ကြသည်။

အခမ်းအနားအပြီးတွင် တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုး၊ ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတို့သည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။ (သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်း ၂၀၀၇-၂၀၀၈ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် စစ်ကိုင်းတိုင်း မုံရွာခရိုင် ယင်းမာပင်မြို့နယ်ရှိ ကျောင်းသား၊ ကျောင်းသူများအား ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားတွင် ငါးဘာသာဂုဏ်ထူးရ ကျောင်းသားတစ်ဦးအား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။
(သတင်းစဉ်)

(၃၇)ကြိမ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်တံခွန်စိုက်ဒိုင်း ဘော်လီဘောပြိုင်ပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၄

၂၀၀၈ ခုနှစ် (၃၇)ကြိမ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်တံခွန်စိုက်ဒိုင်း ဘော်လီဘောပြိုင်ပွဲကို ဩဂုတ် ၂၀ ရက် နံနက် ၈နာရီတွင် စစ်ကိုင်းတိုင်း မုံရွာမြို့ တိုင်းအားကစားကွင်းရှိ မိုးလုံလေလုံ ခန်းမတွင် ကျင်းပရာ အခမ်းအနားသို့ အနောက်မြောက်တိုင်း စစ်ဌာနချုပ် ဒုတိယ တိုင်းမှူး ဗိုလ်မှူးချုပ် တင်မောင်အုန်းနှင့် တပ်မတော် အရာရှိကြီးများ၊ စစ်ကိုင်းတိုင်း တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဝင်းကြည်နှင့် အဖွဲ့ဝင်များ၊ စစ်ကိုင်းတိုင်း ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမြင့်ဝေနှင့် ရဲအရာရှိကြီးများ၊ ရဲတပ်ဖွဲ့ဝင်များ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ တိုင်းနှင့်ပြည်နယ် ပြိုင်ပွဲဝင်အသင်း ၃၁ သင်းမှ အားကစားသမားများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ စစ်ကိုင်းတိုင်း ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမြင့်ဝေအား ပြိုင်ပွဲဝင် အားကစားသမားများက အလေးပြုကြပြီး ရဲမှူးကြီးမြင့်ဝေက အမှာစကားပြောကြားသည်။ **(အောက်ပုံ)**

ဘော်လီဘောပြိုင်ပွဲ ပထမပွဲစဉ်အဖြစ် ရှမ်းပြည်နယ်မြောက်ပိုင်း အမျိုးသားဘော်လီဘောအသင်းနှင့် ရဲတပ်ရင်းများ ကွပ်ကဲရေးမှူးရုံး အသင်း၊ ဒုတိယပွဲစဉ်အဖြစ် ဧရာဝတီတိုင်း အမျိုးသမီးဘော်လီဘောအသင်းနှင့် မွန်ပြည်နယ် အမျိုးသမီး ဘော်လီဘောအသင်းတို့ ယှဉ်ပြိုင်ကစားကြသည်။

(၃၇)ကြိမ်မြောက် ရဲချုပ် တံခွန်စိုက်ဒိုင်း ဘော်လီဘောပြိုင်ပွဲတွင် တိုင်းနှင့် ပြည်နယ်များမှ အမျိုးသား ဘော်လီဘောအသင်း ၂၁သင်းနှင့် အမျိုးသမီး ဘော်လီဘောအသင်း ၁၀ သင်းတို့ ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သတင်းရရှိသည်။

(ခရိုင်ပြန်/ဆက်)

▲ စက်မှုလုပ်ငန်းများမှ
ကောက်ယူရရှိသော ငှက်ဥများကို လေ့လာခြင်းဖြင့် ဆင်စွယ်စင်ရော်တို့တွင် ပီစီဘီနှင့် ဒီဒီတီတို့ ဝင်ရောက်နေသော အဆင့်သည် အခြားပင်လယ်ငှက်များထက် ပို၍များနေသည်ကို တွေ့ရသည်ဟုဆိုသည်။

မြောက်ဝင်ရိုးစွန်းဆီသို့ရောက်ရှိ

စက်မှုလုပ်ငန်းများမှ စွန့်ပစ်အညစ်အကြေးတို့သည် ရေစီးကြောင်းဖြင့် လည်းကောင်း၊ လေတိုက်ခြင်းကြောင့်လည်းကောင်း ပျံ့နှံ့ကာ မြောက်ဝင်ရိုးစွန်းဆီသို့ ရောက်ရှိလာခဲ့ကြသည်။ ထိုဒေသရှိ တိရစ္ဆာန်များ၊ငါးများနှင့် ငှက်များကို အဆိပ်များသော တစ်သျှူးများဖြစ်လာစေသည်။

၂၀၀၁ခုနှစ် ကုလသမဂ္ဂကွန်ဗင်းရှင်းတစ်ခုတွင် အဆိုပါသဘာဝကိုထိခိုက်စေသော ညစ်ညမ်းပစ္စည်းများ အသုံးပြုခြင်းကို တရားမဝင်ကြောင်း ကြေညာခဲ့သည်။ ထိုမကောင်းသောအညစ်အကြေးတို့သည် အာတိတ်ဒေသအတွင်းသို့ ဝင်ရောက်လျက်ရှိသည်။

ဆင်စွယ်စင်ရော်များသည် အသားစားကျူးသော ထိပ်တန်းသားရဲတိရစ္ဆာန်ဖြစ်သည်။ ထိုအချက်သည်ပင် ၎င်းတို့၌ အညစ်အကြေးဓာတ်များ အများဆုံးဝင်ရောက်ခြင်းခံရသော ငှက်မျိုးဖြစ်နေရသည်ဟု ပိုလာသိပ္ပံက တင်ပြသည်။ ***အင်တာနက်။***

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ရန်ကုန်တိုင်းအတွင်းရှိ လေဘေးသင့်ပြည်သူများအတွက် ပစ္စည်းများ လွှဲပြောင်းပေးအပ်

ရန်ကုန် စက်တင်ဘာ ၄

တရုတ်ပြည်သူ့သမ္မတနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးအဖွဲ့ချုပ်က ပေးပို့လှူဒါန်းသောပစ္စည်းများကို မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ရန်ကုန်တိုင်းအတွင်းရှိ လေဘေးသင့်ပြည်သူများအတွက် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့သို့ လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် သံလွင်လမ်းရှိ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဧည့်ခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဒေါ်ခင်လေးမြင့်၊ ဒေါ်ခင်သက်ဌေးနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များက တရုတ်ပြည်သူ့သမ္မတနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးအဖွဲ့ချုပ်က ပေးပို့လှူဒါန်းသော ရေသန့်စက်ရှစ်ခု၊ ကလေးအဝတ်အထည်များ၊ အမျိုးသမီးအဝတ်အထည်များနှင့် အသုံးအဆောင်ပစ္စည်းများ၊ ဆပ်ပြာများကို ရန်ကုန်တိုင်းအတွင်းရှိ လေဘေးသင့်ပြည်သူများအတွက် လွှဲပြောင်းပေးအပ်ရာ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ကြင်မြိုင်၊ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လက်ခံရယူကြသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဒေါ်ခင်လေးမြင့်၊ ဒေါ်ခင်သက်ဌေးနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များက တရုတ်ပြည်သူ့သမ္မတနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးအဖွဲ့ချုပ်က ပေးပို့လှူဒါန်းသောပစ္စည်းများကို ရန်ကုန်တိုင်းအတွင်းရှိ လေဘေးသင့်ပြည်သူများအတွက် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ကြင်မြိုင်၊ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်စဉ်။
(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၅-၉-၂၀၀၈ (သောကြာနေ့)

AM & PM

၇း၀၀ - ၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅	"အစွမ်းထက်မြက်သော ဂါထာတော်များ" [ဆရာတော်အရှင်ကဥ္စနာဘာသ (မုဋ္ဌော-ကလေးဝ)]
၈း၀၅ - ၂း၀၅	စေတနာအလင်းအလှူ
၈း၂၀ - ၂း၂၀	တေးဂီတအစီအစဉ်
၈း၂၅ - ၂း၂၅	VJ Choice
၈း၄၅ - ၂း၄၅	Ecotourism ဆွဲဆောင်ဖို့ သဘာဝကိုထိန်းသိမ်းစို့ "ဖိုးကျားဆင်စခန်း"(အပိုင်း -၁)
၉း၀၅ - ၃း၀၅	ပြည်တွင်းသတင်းအကျဉ်း
၉း၁၅ - ၃း၁၅	Art Vision (Transparent Hearts Solo Installation Art Show)
၉း၂၅ - ၃း၂၅	လေ့လာဆည်းပူးသင်ယူချင်စရာ RV Center မှာ (အပိုင်း-၂)
၉း၅၅ - ၃း၅၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၀၅ - ၄း၀၅	Celebrity profile (မန္တလေးသိန်းဇော်နှင့် တွေ့ဆုံခြင်း) (အပိုင်း-၁)
၁၀း၄၀ - ၄း၄၀	ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
၁၁း၀၀ - ၅း၀၀	မိုးလေဝသခန့်မှန်းချက်
၁၁း၀၅ - ၅း၀၅	တေးဂီတအစီအစဉ်
၁၁း၁၀ - ၅း၁၀	ဂီတသမားတို့ရဲ့ရင်ခုန်သံများ
၁၁း၃၀ - ၅း၃၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၄၀ - ၅း၄၀	တေးဂီတအစီအစဉ်
၁၁း၄၅ - ၅း၄၅	မေရီချက်(ပ်)မင်းနားမကြားသောကလေးများကျောင်း
၁၁း၅၅ - ၅း၅၅	နိုင်ငံတကာသတင်းအကျဉ်း
၁၂း၀၅ - ၆း၀၅	လေလှိုင်းမှဖြေကြား ပရိသတ်များအမေးစကား
၁၂း၃၀ - ၆း၃၀	သက်ရှည်ကျန်းမာဖို့ သဘာဝနို့စစ်စစ်ကိုသောက်ကြစို့
၁၂း၄၅ -၆း၄၅	တေးဂီတအစီအစဉ်
၁၂း၅၀ -၆း၅၀	Yangon Panorama (APPETON ၏လက်ဆောင်ပေးအပ်ပွဲအခမ်းအနား)
၁း၀၀ - ၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

သတိပေးနှိုးဆော်ချက်

ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ မြို့နယ် (၃၁)မြို့နယ်အား ဟွန်းသံကင်းမဲ့ဇုန်အဖြစ် သတ်မှတ်ထားရှိရာတွင် အချို့ယာဉ်မောင်းများမှာ အကြောင်းအမျိုးမျိုးပြလျက် ဟွန်းတီးလျက်ရှိကြောင်း စစ်ဆေးတွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ နိုင်ငံကြီးသားစိတ်ဓာတ်ဖြင့် ဟွန်းသံကင်းမဲ့ဇုန်အတွင်း မည်သည့်အကြောင်းနှင့်မျှ ဟွန်းမတီးကြရန်နှင့် စစ်ဆေးတွေ့ရှိပါက ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်းယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

အပြင်းလည်းပြေ ပညာလည်းရ

Noisy car

Mg Pu, what happened to the second-hand car which your Daddy bought Last week?

Sir, everything is making a noise except the horn.

အကုန် မြည်နေတယ်

မောင်ပု၊ မင်းအဖေ လွန်ခဲ့တဲ့အပတ်က ဝယ်ခဲ့တဲ့ တစ်ပတ်ရစ်မော်တော်ကား ဘာဖြစ်နေသလဲ။

ဟွန်းကလွဲရင် အားလုံးအသံမြည်နေကြပါတယ်။

မော်လမြိုင်မြို့ ရွှေနတ်တောင် ဆည်အတွင်းသို့ တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့်ဇနီး ငါးမျိုးစိုက်ထည့်ပေး

ရန်ကုန် စက်တင်ဘာ ၄

မော်လမြိုင်မြို့ ရွှေနတ်တောင်ဆည်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ဩဂုတ် ၁၈ ရက်တွင် အဆိုပါဆည်၌ ကျင်းပရာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် ဇနီးတို့က ဦးဆောင်၍ ပြည်နယ်ငါးလုပ်ငန်း ဦးစီးဌာနမှူး ဦးစိုးမြင့်၊ မော်လမြိုင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးသက်ဦး၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ခရိုင်နှင့် မြို့နယ် စိုက်ပျိုးရေး ကြီးကြပ်မှုကော်မတီဝင်များ၊ ငါးလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်းများ၊ ငါးသယံဇာတ ထိန်းသိမ်းရေးအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများက ငါးမြစ်ချင်း၊ ငါးခုံးမကြီး၊ ရွှေဝါငါးကြင်းနှင့် တီလားပီးယား ငါးကောင်ရေ စုစုပေါင်း နှစ်သိန်းကို တပျော်တပါးငါးမျိုး စိုက်ထည့်ပေးကြကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၅-၉-၂၀၀၈ (သောကြာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ ရုပ်မြင်ရသတေးစုကဏ္ဍ
- ၇း၅၅ ၅။ နှောင်းခေတ်တေးပဒေသာ
- ၈း၀၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ
- ၈း၁၅ ၇။ ၂၀၀၈ ခုနှစ်၊ (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (ကာလပေါ်တေး၊ ခေတ်ဟောင်းတေး) ဝါသနာရှင် (ပထမတန်းအဆင့်) (အမျိုးသမီး)
- ၈း၃၀ ၈။ International News.
- ၉း၀၀ ၉။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ အကပြိုင်ပွဲ
- ၄း၂၀ ၃။ မြန်မာစာ၊ မြန်မာစကား
- ၄း၃၀ ၄။ ကြေးမုံရိပ်သွင်တေးနုယဉ်
- ၄း၄၀ ၅။ နိုင်ငံ့စီပွားအလေးထား ကျေးလက်ထုတ်ကုန်များ
- ၄း၅၀ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅း၀၀ ၇။ အတီးပြိုင်ပွဲ
- ၅း၁၅ ၈။ တေးဂီတအစီအစဉ်
- ၅း၃၀ ၉။ **"အသိနဲ့ယှဉ် သတိနဲ့ပြင်" (အပိုင်း -၂) (ဝါးခယ်မရဲမောင်၊ ဘုန်းလျှံ၊ မြတ်ကေသီအောင်၊ ရတနာခင်၊ ဟန်နီထွန်း၊ ပြည့်ဖူးခိုင်၊ နီနီရွှေ ရည်၊ ဆောင်းနှင်းဝေ၊ ဝိုင်းစုခိုင်သိန်း၊ အိုင်းရစ်လေပြေဦး) (ဒါရိုက်တာ- မင်းအုပ်စိုး)**
- ၅း၄၅ ၁၀။ ၂၀၀၈ ခုနှစ်၊ (၁၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ကာလပေါ်တေး၊ ခေတ်ဟောင်းတေး) ဝါသနာရှင် (ပထမတန်းအဆင့်) (အမျိုးသား)
- ၆း၀၀ ၁၁။ ညနေခင်းသတင်း
- ၆း၁၀ ၁၂။ မိုးလေဝသအခြေအနေ
- ၆း၁၅ ၁၃။ သုတစုံလင်ရွှေညာဏ်ရှင်
- ၇း၀၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ကုန်သွယ်မှုန်တိုင်း"(အပိုင်း -၆)**
- ၈း၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ပင်လယ်ပျော်မင်းသား" (အပိုင်း-၂၆)**
- ၁၉။ အစီအစဉ်ပြီး၏။

သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အင်တာနက်သတင်း

ရေခဲပြင်များ အရည်ပျော်ပျောက်ကွယ်

ရာသီဥတုပြောင်းလဲလာခြင်း၏ အကျိုးဆက်အဖြစ် ကမ္ဘာကြီးပူနွေးလာပြီး အာတိတ်သမုဒ္ဒရာအတွင်းရှိ ရေခဲပြင်များ အရည်ပျော်ပျောက်ကွယ်ခြင်းမှာ ပိုမိုများပြားလာနေကြောင်း လေ့လာစောင့်ကြည့်ရေးအဖွဲ့နှင့် ထိပ်တန်းသိပ္ပံပညာရှင်များက ပြောကြားသည်။

အာတိတ်သမုဒ္ဒရာပင်လယ်ရေခဲပြင်ကြီးသည် စတုရန်းမိုင် ၂ဒသမ ၀၃ သန်းအကျယ်အဝန်းရှိပြီး ယမန်နှစ်က တိုင်းထွာချက်များအရ စတုရန်းမိုင် ၁ဒသမ ၆၅ သန်းသာ ကျယ်ဝန်းတော့ကြောင်း သိရသည်။

ဖွံ့ဖြိုးတိုးတက် စည်ပင်လာသော မြို့ဗန်းမော်

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ ကျော်ကျော် (ဗန်းမော်)

ကချင်ပြည်နယ်တွင် ထင်ရှားသည့် ဗန်းမော်မြို့သည် ကုန်းလမ်း၊ ရေလမ်း၊ လေကြောင်းလမ်းများ ဆုံရာမြို့ဖြစ်ပြီး စီးပွားရေးအရ ဗန်းမော်-လွယ်ဂျယ် နယ်စပ်ကုန်သွယ်မှု လမ်းကြောင်းပေါ်၌ တည်ရှိသည့်အတွက် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု မြန်ဆန်သော မြို့အဖြစ် တည်ရှိနေသည်။ မြို့ရွာများ အမြန်ခေတ်မီ ဖွံ့ဖြိုးတိုးတက်ရမည်ဟူသောရည်မှန်းချက်ဖြင့် ဗန်းမော်မြို့၏ ရေခံ၊ မြေခံကောင်းများကို ဝိုင်းဝန်းဖော်ထုတ်ကြံဆောင်ခဲ့ရာ ယခုအခါ ဗန်းမော်မြို့သည် ဖွံ့ဖြိုးတိုးတက်သောမြို့အဖြစ်သို့ ရောက်ရှိလာပြီဖြစ်သည်။

၁၉၈၈ခုနှစ် မတိုင်မီက ဗန်းမော်မြို့သည် နယ်မြေကန့်သတ်မှုများ ရှိခဲ့ခြင်း၊ ကျေးရွာတစ်ရွာမှ တစ်ရွာသို့ သွားရောက်ရေးမှာလည်း အခက်အခဲရှိခဲ့ပြီး ဗန်းမော်မြို့နှင့် ကပ်လျက်ရှိသော မိုးမောက်၊ မန်စီစသောမြို့များကိုပင် သွားလာရေးနှောင့်နှေး ကြန့်ကြာခဲ့သည်။ ထိုအချိန်က ဗန်းမော်ခရိုင်အတွင်းရှိ အချို့မြို့ရွာများသို့ သွားလာရာတွင် စက်ဘီးနှင့်တစ်မျိုး၊ မြင်းလှည်းဖြင့်တစ်ဖုံ၊ ခြေကျင်ခရီးဖြင့် တစ်သွယ်သွားလာခဲ့ရသည်။

၁၉၈၈ ခုနှစ် နောက်ပိုင်းကာလတွင် နယ်မြေအေးချမ်းတည်ငြိမ်လာမှုကြောင့် လမ်းပန်းဆက်သွယ်ရေးများကို တိုးချဲ့ဆောင်ရွက်လာခဲ့ရာ ယခုအခါ ဗန်းမော်မြို့မှနေ၍ မြန်မာနိုင်ငံ အရပ်ဒေသ အသီးသီးသို့ လွယ်ကူစွာ ခရီးသွားလာနိုင်ပြီဖြစ်သည်။ ယခုအခါ ဗန်းမော်-မြစ်ကြီးနားလမ်းတွင်မြစ်ကူး၊ ချောင်းကူးတံတားကြီးများ တည်ဆောက်ပြီး လမ်းအနေအထားကိုပါ တိုးမြှင့်ဆောင်ရွက်ပေးနိုင်ပြီ ဖြစ်သည့်အတွက် ဗင်၊ ဟိုင်းလတ်၊ မှန်လုံယာဉ်များဖြင့် ခရီးသည်နှင့် ကုန်စည်များ ပို့ဆောင်ပေးနေသကဲ့သို့ နယ်စပ်ကုန်စည် စီးဆင်းရာ ဗန်းမော်-လွယ်ဂျယ်လမ်းသို့လည်း ဗင်၊ ဟိုင်းလတ်၊ မှန်လုံယာဉ်များ၊ ဆယ်ဘီးကားများဖြင့် ခရီးလမ်းချောမွေ့စွာ သွားလာလျက်ရှိသည်။ ဗန်းမော်-နမ့်ခမ်းလမ်းသို့လည်း ဗင်၊ ဟိုင်းလတ်၊ လိုက်ထရပ်များဖြင့် ပြေးဆွဲပေးနေပြီး မဟာဗျူဟာလမ်းဖြစ်သည့် ဗန်းမော်-မန္တလေးလမ်းမကြီးကို ဧရာဝတီမြစ်အရှေ့ဘက်ကမ်းမှ အောင်မြင်စွာ ဖောက်လုပ်ပေးနိုင်ခဲ့ခြင်းကြောင့် ရေလမ်းကိုသာ အားကိုးသွားလာနေရသည့် ဒေသခံများအတွက် ခရီးသွားလာမှုများ အဆင်ပြေလျက်ရှိသည်။ ကုန်စည်စီးဆင်းမှုများ လွယ်ကူမြန်ဆန်လာခြင်း၊ နယ်မြေအေးချမ်းသာယာပြီး လမ်းပန်း ဆက်သွယ်ရေးများ တိုးတက်ကောင်းမွန်လာခြင်းတို့ကြောင့် ဗန်းမော်မြို့၏ ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်သည် အလျင်အမြန် တိုးတက်လာသည်။ ဗန်းမော်မှ မန္တလေးသို့ မှန်လုံယာဉ်လိုင်း ခြောက်လိုင်းဖြင့် ပထမဆုံး စတင်ပြေးဆွဲပေးနေပြီဖြစ်သည်။ နယ်မြေအေးချမ်းလာမှုကြောင့် လမ်းပန်းဆက်သွယ်ရေးများ တိုးတက်ဖြစ်ထွန်းလာသလို လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်ခြင်းကြောင့် ဒေသ၏ တိုးတက်ဖွံ့ဖြိုးမှုသည်လည်း ပြောင်းလဲလာလျက်ရှိသည်။

လမ်းပန်းဆက်သွယ်ရေး လုံခြုံချောမွေ့စေရန် အဓိကထား ဆောင်ရွက်နေသော အချိန်အခါတွင် ပုဂ္ဂလိကအခန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကိုပါ တစ်ပါတည်း ဖော်ဆောင်မှုအဖြစ် လမ်းများကိုအဆင့်မြှင့်တင်ရန်ပုဂ္ဂလိကလုပ်ငန်းရှင်များမှ အဆင့်မြင့်အောင် ဆောင်ရွက်နေခြင်းများရှိခဲ့ရာ ဗန်းမော်မြို့နှင့် ဆက်သွယ်ထားသော အဓိကကုန်စည် ကူးသန်းရောင်းဝယ်ရာလမ်းကြောင်းဖြစ်သည့် ဗန်းမော်-နန့်ခမ်းလမ်းနှင့် ဗန်းမော်-မန္တလေး မဟာဗျူဟာလမ်းမကြီးကိုလည်း ပုဂ္ဂလိကလက်သို့ လွှဲအပ်လိုက်ပြီဖြစ်ကြောင်း သိရသည်။

လမ်းပန်းဆက်သွယ်သွားလာမှု ကောင်းမွန်လာသည်နှင့်အမျှ သဘာဝအလှအပ ရှုခင်းများကို ကြည့်ရှုလေ့လာနိုင်ရန် စီစဉ်ထားရာ စိန်လုံတောင်တန်း တစ်နေရာကို တွေ့ရစဉ်။

မြန်မာနိုင်ငံ၏ ကုန်သွယ်ရေးမြောက်ဘက်တံခါးပေါက်ဟု တင်စားခေါ်ဝေါ်ရမည့်တရုတ်-မြန်မာနယ်စပ်လွယ်ဂျယ်မြို့၌ ကုန်သွယ်ရေးစခန်းကြီး တည်ဆောက်ထားရှိမှုကြောင့် ဗန်းမော်-လွယ်ဂျယ်လမ်းမကြီးသည်လည်း အရေးပါသည့် ကုန်သွယ်ရေးလမ်းကြောင်း ဖြစ်ခဲ့ပြီး ဗန်းမော်မြို့သည်လည်း နယ်စပ်ကုန်သွယ်ဆိပ်ကမ်းမြို့ ဖြစ်ခဲ့သည်။

ယခင်က ဤလမ်းခရီးသည် ကြမ်းတမ်းခဲ့သော်လည်း ယခုအခါနိုင်ငံတော်က နယ်မြေအေးချမ်း တည်ငြိမ်မှုကို ထိန်းသိမ်း တည်ဆောက်နိုင်ခဲ့မှုကြောင့် လမ်းပန်းဆက်သွယ်ရေးမှာလည်း ကောင်းမွန်၍ ကျောက်စီ-ကျောက်ချောလမ်းမကြီးအဖြစ် တွေ့မြင်နေရပြီဖြစ်သည်။ ဗန်းမော်မြို့မှ နှစ်နာရီမျှမောင်းရုံဖြင့် လွယ်ဂျယ်မြို့သို့ ရောက်နိုင်ပြီဖြစ်ကြောင်း သိရသည်။

ကုန်စည်စီးဆင်းမှုအရ အချက်အချာကျသည့် ဗန်းမော်မြို့နယ်၌ နိုင်ငံတော်က စီမံကိန်းများ ချမှတ်ပြီး ရထားလမ်းများ တိုးချဲ့ဖောက်လုပ်လျက်ရှိသည်။ ဧရာဝတီမြစ်အနောက်ဘက် ကသာမြို့မှ ဧရာဝတီမြစ်အရှေ့ဘက်ကမ်း ဗန်းမော်မြို့သို့ ဒုတိယမြစ်ကျဉ်းအထက် ဆင်ခန်းကျေးရွာ၏အောက်ဘက် ဝက်သိုးသစ်ဆိပ်အနီးတွင် ရထားနှင့်ကားပါ သွားလို့ရအောင် ဧရာဝတီမြစ်ကူးတံတားတည်ဆောက်ပြီး ဆင်ခန်းကျေးရွာ၊ ကောင်းတုံကျေးရွာ အရှေ့ဘက်မှပတ်၍ ရထားလမ်းဖောက်လုပ်မည်ဖြစ်ပြီး ဗန်းမော်မြို့ အရှေ့ဘက်မှပတ်ဝင်ပြီး ဗန်းမော် သုံးမိုင်တွင် မီးရထားဘူတာရုံ ထားရှိ တည်ဆောက်မည် ဖြစ်ကြောင်း၊ မြို့လှမြို့တွင် ကြားဘူတာအဖြစ်ထားရှိ တည်ဆောက်မည် ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ဗန်းမော်မြို့၏ ဖွံ့ဖြိုးတိုးတက်လာမှုအရ လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်လာမှုကြောင့် ယာဉ်အသွားအလာများများပြားလာသည့်အတွက် ယာဉ်အန္တရာယ်ကင်းရှင်းစေရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးများကို ဟောပြောပွဲများ ကျင်းပခြင်း၊ အသိပညာပေးခြင်းများကို လခြား ရက်ခြား ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးစိန်ဝင်းလှိုင်က ကြေးမုံသို့ ရှင်းလင်း ပြောကြားသွားသည်။ ။

ဒေသဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ ကုန်စည်စီးဆင်းမှု၊ ခရီးသွားလာမှုများပြားစည်ကားလျက်ရှိသည့် ဗန်းမော်ဆိပ်ကမ်း တစ်နေရာကို တွေ့ရစဉ်။

အမျိုးသားတံခွန်စိုက် ဘတ်စကက်ဘောပြိုင်ပွဲဆက်လက်ကျင်းပ အပြည်ပြည်ဆိုင်ရာ ဒိုင်လူကြီးများ ပါဝင်ဆောင်ရွက်ပို့ချပေး

ရန်ကုန် စက်တင်ဘာ ၄

၂၀၀၈ခုနှစ် အမျိုးသားတံခွန်စိုက် အလွတ်တန်းပြိုင်ပွဲနှင့် အသက် ၂၀ အောက် အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲကို ယနေ့နံနက် ၈နာရီမှစ၍ အောင်ဆန်းအားကစားပြိုင်ကွင်း မိုးလုံလေလုံခန်းမ၌ ကျင်းပသည်။

ယနေ့ပွဲစဉ်များအဖြစ် အမျိုးသားပြိုင်ပွဲ တတိယလုပွဲ နှစ်ပွဲနှင့် အမျိုးသမီးအုပ်စုနောက်ဆုံးပွဲစဉ် နှစ်ပွဲတို့ကို ကျင်းပသည်။ အမျိုးသား ယူ-၂၀ တတိယနေရာလုပွဲတွင် Golden Light houseအသင်းက Furious အသင်းကို(၆၅-၆၄)မှတ်၊အလွတ်တန်း တတိယနေရာလုပွဲတွင် လယ်/ဆည် အသင်းက သံလွင်အသင်းကို (၈၁-၅၈)မှတ်တို့ဖြင့် အနိုင်ရရှိကာ တတိယ နေရာရရှိသွားကြသည်။ အမျိုးသမီး ယူ-၂၀ အုပ်စုပွဲစဉ်တွင် မိုးကုတ်အသင်းက မကွေးအသင်းကို(၂၀-၀)မှတ်၊ အလွတ်တန်းအုပ်စုပွဲစဉ်တွင် လယ်/ဆည်အသင်းက S.T.P အသင်းကို (၉၀-၂၂)မှတ်တို့ဖြင့် အနိုင်ရရှိသွားသည်။

ယခုအမျိုးသားတံခွန်စိုက်ပြိုင်ပွဲနှင့် ပြီးခဲ့သည့် ပြည်နယ်နှင့်တိုင်းပြိုင်ပွဲကို မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ်၏ ဖိတ်ကြားချက်အရ အာရှဘတ်စကက်ဘောအဖွဲ့ချုပ်(FIBA-ASIA)မှ အပြည်ပြည်ဆိုင်ရာ ဒိုင်လူကြီး Yong Wai Chong နှင့် Lim Sok Hoonတို့ လာရောက်၍ ဒိုင်လူကြီးအဖြစ် ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် ယင်းဒိုင်လူကြီး နှစ်ဦးမှာ မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ် ဒိုင်လူကြီးများကိုလည်း သင်တန်းများ ပို့ချပေးလျက်ရှိသည်။

ယူ-၂၀ပြိုင်ပွဲ အမျိုးသမီး ဗိုလ်လုပွဲတွင် ရန်ကုန်တိုင်းနှင့် စက်မှု(၁)၊ အမျိုးသားဗိုလ်လုပွဲတွင် မိုးကုတ်အသင်းနှင့် Eragon(A)အသင်း၊ အလွတ်တန်းပြိုင်ပွဲ အမျိုးသမီးဗိုလ်လုပွဲတွင် လယ်/ဆည်နှင့် စက်မှု(၁)၊ အမျိုးသားဗိုလ်လုပွဲတွင် စက်မှု(၁)နှင့် Foxအသင်းတို့ ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး စက်တင်ဘာ ၅ရက် ယနေ့ နံနက်၈နာရီတွင် စတင်ကျင်းပမည်ဖြစ်သည်။ (ကြေးမုံ)

ယှဉ်ပြိုင်

အမျိုးသားတံခွန်စိုက် ဘတ်စကက်ဘော အလွတ်တန်းပြိုင်ပွဲ အမျိုးသမီး နောက်ဆုံး အုပ်စုပွဲစဉ်တွင် လယ်/ဆည်နှင့်STP တို့ ယှဉ်ပြိုင်ကြသည်ကို တွေ့ရစဉ်။
(ကြေးမုံ)

❀ **မဲခေါင်ဒေသမှ**

နည်းပြချုပ်အဖြစ် ဦးခင်မောင်တင့်၊ လက်ထောက်နည်းပြအဖြစ် ဦးကျော်လွင်(ကာကွယ်ရေး)၊အားကစားသမားများအဖြစ် ဂိုးသမား နေလှိုင်(ကမ္ဘောဇ)၊ အောင်ရဲသွေး (ဘဏ္ဍာ/အခွန်)၊ နောက်တန်း နိုင်လင်းထွန်း(စွမ်းအင်)၊ သန်းထွန်းအောင် (မြန်မာ့မီးရထား)၊ နိုင်ဇင်(ကမ္ဘောဇ)၊ ဉာဏ်လင်းထွန်း(စွမ်းအင်)၊ ဇော်နိုင်ထွန်း (မြို့တော်စည်ပင်)၊ မင်းနောင်ဦး (ပို့ဆောင်ရေး)၊အလယ်တန်း တင်ဝင်းအောင် (Air Bagan)၊ ဝင်းသူ (မြို့တော်စည်ပင်)၊ ဒေးဗစ်ဒန်း(Air Bagan)၊ ကြည်လင်း(ပို့ဆောင်ရေး)၊ ဟိန်းဇာအောင် (မြို့တော်စည်ပင်)၊ ကျော်ဇေယျာဝင်း (Air Bagan)၊ မျိုးမင်းလတ်(ပို့ဆောင်ရေး)၊ ရှေ့တန်း တင်ဇော်မိုး(ဆောက်လုပ်ရေး)၊ ကျော်ကျော်ခိုင်(ဘဏ္ဍာ/အခွန်)နှင့် စိုးမင်းနိုင်(မြန်မာ့မီးရထား)တို့ဖြစ်ကြသည်။

၂၀၀၇ မဲခေါင်ဒေသနိုင်ငံများ အသက် (၂၁) နှစ်အောက်ပြိုင်ပွဲတွင် မြန်မာလူငယ်အသင်းက အနိုင်ရဗိုလ်စွဲထားပြီး ယခု ပြိုင်ပွဲကိုမူ အသက်(၁၈)နှစ်အောက်ပြိုင်ပွဲအဖြစ် ကျင်းပမည်ဖြစ်သည်။ မဲခေါင်ဒေသဘောလုံးပြိုင်ပွဲဝင်မည့် မြန်မာလူငယ်အသင်းနှင့် ပတ်သက်၍ နည်းပြချုပ် ဦးခင်မောင်တင့်နှင့် လက်ထောက်နည်းပြ ဦးကျော်လွင်က "အသင်းကောင်း တစ်သင်း ဖြစ်လာရန် လေ့ကျင့်ပေးနေကြောင်း၊ လေ့ကျင့်ရက် ၂၀ ရရှိပါကြောင်း၊ ပဏာမအသင်းဖွဲ့စည်းရန် ဩဂုတ် ၁၃ရက်နှင့် ၁၄ရက်တွင် လူရွေးပွဲများကျင်းပခဲ့ကြောင်း၊ အဆင့်မြင့်တန်း အား/ကာသိပ္ပံ(ရန်ကုန်)နှင့် မန္တလေးတို့မှ ကစားသမား ၅၀ကျော်ကို ရွေးချယ်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ယင်းအထဲမှ ၂၅ဦးကိုရွေး၍ ဩဂုတ် ၁၈ရက်တွင် စတင်လေ့ကျင့်ပေးခဲ့ပြီး အပြီးသတ် ၁၈ဦးကိုမူ စက်တင်ဘာ ၁ရက်တွင် ရွေးချယ်ခဲ့ကြောင်း၊ အပြီးသတ်ရွေးချယ်ရန်အတွက် ဩဂုတ် ၂၃၊ ၂၇၊ ၃၀ နှင့် စက်တင်ဘာ ၁ ရက်တို့တွင် လူရွေးပွဲများ ကစားခဲ့ကြောင်း၊ ယခုအသင်းတွင် ၂၀၀၅အာဆီယံ ယူ-၁၇ ပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သည့်အသင်းမှ အသက်မီသူ ကိုးဦးတို့ ပြန်ပါလာပါကြောင်း။

ယင်းကစားသမားများမှာ တင်ဇော်မိုး၊ ကျော်ကျော်ခိုင်၊ မျိုးမင်းလတ်၊ ဇော်နိုင်ထွန်း၊ နိုင်လင်းထွန်း၊ သန်းထွန်းအောင်၊ဉာဏ်လင်းထွန်း၊ နေလှိုင်နှင့် အောင်ရဲသွေး တို့ဖြစ်ပါကြောင်း၊ ပဏာမ ၂၅ဦးမှ ၁၈ဦးသို့ အပြီးသတ်ရွေးချယ်ရာတွင် ကျန်ရစ်ခဲ့သူများမှာ အောင်ဝေဖြိုး(ဂိုး)၊ ဇေယျာလင်း၊ စိုးရန်အောင်၊ကျော်ဇင်ဝင်း၊ ဇော်လင်း၊ အေးမိုးနှင့် ထွန်းထွန်းနိုင်တို့ဖြစ်ပါကြောင်း၊ ယခုရွေးချယ်ထားသည့် ကစားသမားများမှာ နေရာစုံကစားနိုင်သူများဖြစ်ကြောင်း၊ ပြိုင်ပွဲတွင် ပွဲများဆက်တိုက်ကစားရနိုင်၍ ကစားသမားများအနာတရဖြစ်ပါက အစားထိုးနိုင်ရန် နေရာစုံကစားနိုင်အောင် လေ့ကျင့်ပေးထားကြောင်း၊ ကစားသမားများကလည်း အစွမ်းကုန်ကြိုးစားလေ့ကျင့်နေကြ၍ အသင်းအပေါ် အားရကျေနပ်မိပါကြောင်း" ဖြင့် ပြောကြားသွားသည်။

ယခုပြိုင်ပွဲကို မဲခေါင်ဒေသနိုင်ငံများဖြစ်သည့် အိမ်ရှင် ထိုင်း၊ မြန်မာ၊ လာအို၊ တရုတ်၊ ဗီယက်နမ်နှင့် ကမ္ဘောဒီးယားတို့မှ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ (ကြေးမုံ)

မဲခေါင်ဘောလုံးပြိုင်ပွဲဝင်မည့် မြန်မာ ယူ-၁၈ အသင်းအား တွေ့ရစဉ်။

✳ **မော်ဘီမြို့နယ်မှ**

မြေဩဇာနှင့် ဓာတ်မြေဩဇာ စုပေါင်းကြဲပက်နေမှုကိုလည်းကောင်း ကြည့်ရှုအားပေးပြီး လိုအပ်သည်များ မှာကြားသည်။ ထို့မှတစ်ဆင့် တိုင်းမှူးနှင့်အဖွဲ့သည် မော်ဘီမြို့နယ် ဆေးရုံသို့ ရောက်ရှိ၍ ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဇွန်(၆)ဇွန်တွင် ကျင်းပမည့် ၂၀၁၀ ကမ္ဘာ့ဖလား ခြေစစ်ပွဲ (၂)

စက် တင် ဘာ (၆၊ ၇၊ ၈)

ကွန်ကာကပ်ဖ်ဇုန်

ဒီဇုန်ကိုမြောက်အမေရိက၊ အလယ်အမေရိကနဲ့ ကာရစ်ဘီယံဒေသ သုံးခုပေါင်းပြီး ကွန်ကာကပ်ဖ်ဇုန်အဖြစ် သတ်မှတ်ထားတာပဲ ဖြစ်ပါတယ်။ ဒီအုပ်စုရဲ့ ခြေစစ်ပွဲအောင် အသင်းသတ်မှတ်ထားတာကတော့ တခြားဇုန်တွေနဲ့ မတူဘဲ တစ်မူကွဲပြား ခြားနားနေပါတယ်။ အုပ်စုသုံးစုခွဲခြားထားပြီး တစ်အုပ်စုမှာ အမှတ်အများဆုံး နှစ်သင်းက စတုတ္ထအဆင့်ကို တက်မှာဖြစ်ပါတယ်။ စတုတ္ထအဆင့်မှာ ခြောက်သင်းပတ်လည်ကစားပြီးအမှတ်အများဆုံး သုံးသင်းက ခြေစစ်ပွဲတိုက်ရိုက်အောင်အဖြစ် သတ်မှတ်ကာ စတုတ္ထရတဲ့ အသင်းကိုတော့ တောင်အမေရိကဇုန်က အဆင့်(၅)ရ အသင်းနဲ့ ခြေစစ်ပွဲထပ်မံ ကစားခွင့်ပေးထားပါတယ်။ ကွန်ကာကပ်ဖ်ဇုန်ရဲ့ ခြေစစ်ပွဲကို စက်တင်ဘာ ၇ ရက် (တနင်္ဂနွေနေ့)မှာ ယှဉ်ပြိုင်ကစားကြမှာ ဖြစ်ပါတယ်။

အာဖရိကဇုန်

အာဖရိကဇုန်ရဲ့ ဒုတိယအဆင့် ခြေစစ်ပွဲများကို စက်တင်ဘာ ၆ ရက်နဲ့ ၇ ရက်တို့မှာ ယှဉ်ပြိုင်ကစားကြမှာ ဖြစ်ပါတယ်။ဒီဇုန်မှာအုပ်စု(၁၂)စုရှိပြီး တစ်အုပ်စုမှာလေးသင်းစီပါဝင်ပါတယ်။ အုပ်စုပထမရတဲ့၁၂သင်းနဲ့ အကောင်းဆုံးအုပ်စုဒုတိယရတဲ့ ရှစ်သင်း စုစုပေါင်း အသင်း ၂၀ဟာ တတိယအဆင့်ကို တက်ခွင့်ရမှာပါ။ လက်ရှိပွဲစဉ်(၄)အပြီး ရပ်တည်မှုအရ ကင်မရွန်း၊ ဂါနာ၊ အိုင်ဗရီကို့စ်၊နိုင်ဂျီးရီးယား၊ ဆီနီဂေါ်နဲ့မော်ရိုကိုတို့မှာ နောက်တစ်ဆင့်တက်ရန် အကောင်းဆုံးအနေအထားကို ရောက်ရှိနေကြပါတယ်။

အာရှဇုန်

အာရှဇုန်အတွက် ဒီပွဲစဉ်ဟာ နောက်ဆုံးအဆင့် ခြေစစ်ပွဲပဲ ဖြစ်ပါတယ်။ နောက်ဆုံးအဆင့် ခြေစစ်ပွဲမှာ အုပ်စု(၂)စု ပါဝင်ပြီး တစ်အုပ်စုမှာ ငါးသင်း ပါဝင်ပါတယ်။ ဒီအုပ်စုရဲ့ ပွဲစဉ်များအဖြစ် စက်တင်ဘာ ၆ ရက်မှာ ယူအေအီးနဲ့ တောင်ကိုရီးယား၊ ဘာရိန်းနဲ့ဂျပန်၊ ကာတာနဲ့ ဥဇဘတ်ကစ္စတန်၊ ဆော်ဒီနဲ့ အီရန်တို့ယှဉ်ပြိုင်ကစားကြမှာ ဖြစ်ပါတယ်။

သမုဒ္ဒရာပိုင်းဇုန်

ဒီတစ်ပတ်ရဲ့ သမုဒ္ဒရာပိုင်းဇုန် ခြေစစ်ပွဲများအဖြစ် စက်တင်ဘာ ၆ ရက်မှာ ဖီဂျီနဲ့ ဗန်နူတူ၊ နယူးကယ်လီဒိုးနီးယားနဲ့နယူးဇီလန်တို့ ယှဉ်ပြိုင်ကစားကြမှာ ဖြစ်ပါတယ်။

ဝင်းတင်(ကြေးမုံ)

● **ချောကလက်မှ**

သက်သာရာရရှိသွားကြသည်ဟု သိရှိရသည်။ အီတလီနှင့် အမေရိကန်သိပ္ပံပညာရှင်များက သွေးပေါင်ချိန်ကျဆင်းသည့် ဝေဒနာခံစားနေရသည့် လူနာအချို့အား သုတေသနပြုခဲ့ကြပြီးနောက် အဆိုပါကြေညာချက်ကို အတည်ပြုထုတ်ပြန်ခဲ့ခြင်း ဖြစ်သည်။ သုတေသနပညာရှင်များမှာ ချောကလက်အညိုတွင် ပါဝင်သော ကိုကိုးဓာတ်ကို အသေးစိတ်လေ့လာမှုများ ပြုလုပ်ခဲ့ကြပြီး သွေးပေါင်ချိန်ပြဿနာများတွင် အကျိုးဖြစ်ထွန်းမှုအား တွေ့ရှိခဲ့ကြသည်။ လက်ရှိအချိန်တွင် နှစ်ပတ်ကြာမျှ နေ့စဉ် ချောကလက်နှစ်ထောင့် စားသုံးခြင်းအား ကျန်းမာရေးအတွက် အထောက်အကူပြုကြောင်း ထောက်ခံချက်ပေးထားသော်လည်း ချော့ကလက်အများအပြား စားသုံးမှုကြောင့် ဖြစ်ပေါ်နိုင်သည့် ကောင်းကျိုးဆိုးကျိုးများကို ဆက်လက် လေ့လာသွားဦးမည်ဖြစ်ကြောင်း အဆိုပါပညာရှင်များက ကြေညာသွားသည်။

မြန်မာနိုင်ငံအလယ်ပိုင်းတွင် ထစ်ချုန်းမည့်အခြေအနေများဆက်လက်ဖြစ်ပေါ်

ရန်ကုန် စက်တင်ဘာ ၄

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်

လွန်ခဲ့သော ၂၄နာရီအတွင်းကအနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများမှ ဆုတ်ခွာခဲ့ပြီးဖြစ်သည်။ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ မန္တလေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာ စိပ်စိပ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာ ကျဲကျဲနှင့်ကျန်ဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ကာ မန္တလေးတိုင်းတွင် ဒေသအလိုက်နှင့် ကချင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** နေပြည်တော်(ရေဆင်း)တွင် ၀ဒသမ၁၁လက်မ၊နေပြည်တော်(သပြေကုန်း)တွင်၁ဒသမ၈၉လက်မ၊မချမ်းဘောမြို့တွင် ၄ဒသမ၁၇လက်မ၊ ညောင်ဦးမြို့တွင် ၂ဒသမ၁၃လက်မ၊မြစ်ကြီးနားမြို့တွင်၁ဒသမ၈၅လက်မနှင့် ပူတာအိုမြို့တွင်၁ဒသမ၆၉လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားပျော့နေသည်။

၂၀၀၈ခုနှစ်စက်တင်ဘာလ ၅ရက်ညနေထိ ခန့်မှန်းချက်။ ။ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာစိပ်စိပ်၊ မကွေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်သာရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဆက်လက်ဖြစ်ပေါ်မည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်

၃၃ ဒသမ၄ ဒီဂရီစင်တီဂရိတ် (၉၂ ဒီဂရီဖာရင်ဟိုက်) ၃-၉-၂၀၀၈

အနိမ့်ဆုံးအပူချိန်

၂၂ ဒသမ ၅ ဒီဂရီစင်တီဂရိတ် (၇၂ဒီဂရီဖာရင်ဟိုက်) ၄-၉-၂၀၀၈

၀၉း၃၀ နာရီအချိန် စိုထိုင်းဆ ၈၂ ရာခိုင်နှုန်း ၄-၉-၂၀၀၈

နေပူသည့်နာရီပေါင်း ၃ဒသမ ၈နာရီခန့် ၃-၉-၂၀၀၈

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၄-၉-၂၀၀၈	၈မမ(၀ဒသမ၃၁လက်မ)	မရှိပါ	မရှိပါ
၁-၁-၂၀၀၈မှ	၂၀၆၂ မမ	၂၃၃၅မမ	၂၇၈၆မမ
ယနေ့အထိ	(၈၁ဒသမ၁၈လက်မ)	(၉၁ဒသမ၉၃လက်မ)	(၁၀၉ဒသမ၆၈လက်မ)

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၃-၉-၂၀၀၈ ရက် ၁၅း၃၀နာရီတွင် တောင်ဘက်မှ တစ်နာရီ ငါးမိုင်နှုန်း တိုက်ခတ်သည်။

☆ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင်လုပ်နေသည်

☆ BBC ညာနေသည်

VOA လိမ်နေသည်

RFA ရန်တိုက်ပေးနေသည်

☆ အဲဒီ ကုန်းချောသွေးထိုးသူများ မယုံလေနဲ့ သတိထား

မှော်ဘီမြို့နယ်အတွင်း ကောက်စောစပါးရိတ်သိမ်းမှု တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် ကြည့်ရှုအားပေး

ရန်ကုန် စက်တင်ဘာ ၄

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်သည် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ မြို့မိ မြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ယင်းနောက် တိုင်းမှူးနှင့်အဖွဲ့သည် မှော်ဘီမြို့နယ် ရွှေမြယာကျေးရွာ မြို့ဝင် မြို့ထွက် ဧက ၂၀၀ စိုက်ကွင်းအတွင်း သက်လျှင် အထွက်ကောင်းမျိုးများနှင့် ပျိုးယှဉ်ပြိုင်ကွက်ကိုလည်းကောင်း၊ သက်လျှင် ကောက်စောစပါး ရိတ်သိမ်းနေမှုကိုလည်းကောင်း၊ တောင်သူ ဦးချမ်းမြ၏ မိုးစပါးစံပြ နှစ်ဧကအတွင်း သဘာဝသစ်ရွက်ဆွေး **စာမျက်နှာ ၁၁ ကော်လံ ၄ သို့** ✳

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် မှော်ဘီမြို့နယ် ရွှေမြယာကျေးရွာရှိ တောင်သူ ဦးချမ်းမြ၏ မိုးစပါးစံပြ နှစ်ဧကအတွင်း သဘာဝသစ်ရွက်ဆွေး မြေဩဇာနှင့် ဓာတ်မြေဩဇာ စုပေါင်းကြဲပက်နေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ကျော်ကျော်(ဗန်းမော်)၏ **ဖွံ့ဖြိုးတိုးတက်စည်ပင်လာသော မြို့ဗန်းမော်**

(သတင်းဆောင်းပါး) စာမျက်နှာ (၁၀)

မဲခေါင်ဒေသနိုင်ငံများ အားကစားပြိုင်ပွဲ မြန်မာလူငယ်ဘောလုံးအသင်း ဝင်ရောက်ယှဉ်ပြိုင်မည်

၂၀၀၈ ခုနှစ် စက်တင်ဘာ ၁၀ ရက်မှ ၁၅ ရက်အထိ ထိုင်းနိုင်ငံ၌ ကျင်းပမည့် မဲခေါင်ဒေသနိုင်ငံများ အားကစား ပြိုင်ပွဲတွင် မြန်မာလူငယ် ဘောလုံးအသင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

ပြိုင်ပွဲဝင်မည့် မြန်မာလူငယ်ဘောလုံးအသင်းတွင် အုပ်ချုပ်သူအဖြစ် ဦးဇော်ဝင်း(အား/ကာ)၊ **စာမျက်နှာ ၁၁ ကော်လံ ၁သို့** ❁

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ

စိုးညွန့်(ကြေးမုံ)

ချောကလက်စားခြင်းဖြင့် ကျန်းမာရေးကို အထောက်အကူပြုနိုင်

လန်ဒန် စက်တင်ဘာ ၄

သုတေသနရလဒ်တစ်ခုတွင် ချောကလက်အညို နှစ်တောင့်စီ နေ့စဉ်ရက်ဆက် နှစ်ပတ်ကြာမျှ စားမည်ဆိုပါက ကျန်းမာရေးအတွက် အထောက်အကူပြုနိုင်ကြောင်း ဖော်ပြထားသည်။

ထိုအလေ့အကျင့်မှာ နှလုံးအတွက်ကောင်းမွန်ပြီး သွေးပေါင်ချိန်တက်မှုကို ကာကွယ်ပေးကြောင်း သိရသည်။ ထို့အပြင် နှလုံးရောဂါဖြစ်ပွားနိုင်ခြေအား လျော့နည်းစေသည်ဟုလည်း ဆိုသည်။ ယခင်က ချောကလက်တွင် ပါဝင်သော အချိုဓာတ်ကြောင့် ကျန်မာရေးနှင့်မညီညွတ်နိုင်ကြောင်း ယူဆထားခဲ့သော်လည်း ယခုစမ်းသပ်မှုအသစ်မှာ ဆန့်ကျင်ဘက်ရလဒ်တစ်ခုအား ညွှန်ပြလျက်ရှိနေသည်။ လေ့လာသူများ၏ အဆိုအရ ချောကလက်အညိုမှာ ကျန်းမာရေးအတွက် အလွန်ကောင်းမွန်ပြီး အားအင်ပြည့်ဖြိုးစေသောကြောင့် အချို့လူနာများဆိုလျှင် ဆေးထိုးခြင်းပင် လုပ်စရာမလိုဘဲ ချောကလက်စားရုံမျှနှင့် ၎င်းတို့ခံစားနေရသော ဝေဒနာများမှ **စာမျက်နှာ ၁၁ ကော်လံ ၄ သို့** ●

လေ့ကျင့်

ထိုင်းနိုင်ငံ၌ ကျင်းပမည့် မဲခေါင်ဒေသနိုင်ငံများ အားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာလူငယ်ဘောလုံးအသင်း လေ့ကျင့်နေစဉ်။